# မြမြစိမ်း



# တိမ်ကြား မြူကြား
# မုန်တိုင်းကြားဝယ်

## အပိုင်း (က)

၁။

ညို့မောင်းထွားကျိုင်းလှသော မြင်းညိုရိုင်းကြီးတစ်ကောင်ကို ဇက်ကြိုး ခပ်ကြမ်းကြမ်း ကလေးဆွဲ၍ စီးလာသူတစ်ဦးသည် တစ်ခုသော ခြံဝင်းကျယ်ကြီးအတွင်း းသို့ ဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် အနိဋ္ဌာရုံမြင်ကွင်းတစ်ခုကို ထင်းကနဲ လင်းကနဲ မြင်လိုက်ရပေ၏ ။

“ဟင် . . . ဖေဖေ”

ပါးစပ်မှ အမေဋိတ်သံပြုရင်း သူသည် မြင်းဇက်ကြိုး ကို တင်းကနဲ ဆွဲလိုက်ရာ မြင်းညိုကြီး သည် သုံးလေးချက်မျှ ကဆုန်ပေါက်၍ မက်တပ်ရပ်လိုက်၏ ။

သို့ ဖြစ်၍ သူသည် မြေပြင်ပေါ်သို့ ဘုတ်ကနဲ ပြုတ်ကျသွားရှာသည်။ သူနာရမှန်းမသိပါ။ ကျင်ရမှန်းမသိပါ။ ထိပ်ပျာသော အတွေ းစိတ်တို့ဖြင့် လူးလဲ၍ ထရပ်လိုက်သည်။

သူသည် ဦးခေါင်းတွင် ဆောင်းထားသော အမေရိကန်နွားကျောင်းသားဆောင်း ဦးထုပ်ကို ဆွဲချွတ်လိုက်ပြီး လွှင့်ပစ်လိုက်မိပြန်၏ ။

သည်အခါတွင် နက်မှော င်ရှင်သန်လှသော ဆံပင်တစ်ထွေးကြီးသည် သူ၏ ဂုတ်ပေါ်တွင် ဖျာကနဲ ကျလာ၏ ။

စင်စစ် သူက နထွေးလှပသော မိန်းမသားကလေး တစ်ဦး။

အမည် နာမကလေးက ‘စောနင်းပုလဲ’။

စောနှင်းပုလဲသည် သွေးဆုတ်ဖြူရော်နေသော သူ့အား ပြူး ကျယ်ဝိုင်းစက်နေသော မျက်လုံးကလေးများ ဖြင့် သူ့အား နာကျည်းလှဟန်ဖြင့် ကြည့်နေသူများ ကို လိုက်လံကြည့်ရှုလိုက်ပြီး မှ ဦးအိုက်ပန်နှင့် တရှုံ့ရှုံ့ငိုနေသော မေမေပို၏ လက်တွင် မရှုမလှသော ဝေဒနာတစ်ခုကို ခံစား ထားရဟန်ပြ၍ ငြိမ်သက်နေသော ဖခင်ကြီးအား ပြေးဖက်လိုက်သည်။

မျက်လုံးအစုံ ဟသ်ာပြဒါးကျအောင် ငိုနေသော ဒေါ်နန်းပိုသည် စောနှင်းပုလဲကို မြင်လိုက် ရသည်နှင့် တစ်ပြိုင်နက် ဝမ်းနည်းပက်လက်ငိုကြွေးနေရာမှ ရုတ်ချည်း အသားစားကြူး ဘီလူးမ အသွင်သို့ ပြောင်းကာ ခက်ထန်မာကျောခြင်းအသွင် ဆောင်လာတော့၏ ။

“သွား . . . သွား . . .နှင် မကိုင်နဲ့၊ ငါ့ယောက်ျားကို နှင်မကိုင်နဲ့။ နှင့်ကြောင့် ကိုဝင်း သေမယ်များ သရင် နှင့်ကို မွေးပါစေလို့ ငါ ဆုမတောင်းခဲ့ဘူး။ သိလား”

အရိုက်တငင်များ ကြားမှ ခါးခါးသီးသီး တစ်သက်မသုံးစဖူးသော ‘နှင်’တွေ ‘ငါ’တွေ သုံးထားသည့် မိခင်၏ စကားများ ကို ကြားလိုက်ရလျှင် စောနှင်းပုလဲသည် မူးမိုက်ပြာဝေသွားရ မတတ်သော ဝေဒနာကို ခံစားလိုက်ရ၏ ။

“သွား . .. သွားဆို သွား။ နှင့်မျက်နှာကို ငါတို့ မကြည့်ချင်ဘူး”

ဒေါ်နန်းပိုသည် စိတ်ကို ချုပ်တီးမရတော့လေဟန်ဖြင့် စောနှင်းပုလဲကို ယိုင်လဲသွားရ မတတ်အောင် တွန်းပစ်လိုက်၏ ။

“အို . . .အို. . . သတိထားပါ။ နန်းပို ဒီလို မလုပ်ပါနဲ့။ ဒီနေ့ ဒီအချိန်မှာ ဦးဝင်း ဒီလို သေရမယ့် ကံဇာတာပါလာလို့ သေရတယ်လို့ဘဲ တရားနဲ့လှည့်တွက်ပါ။ နင်တို့အချင်းများ နေလို့ သူလဲပြန်ရှင်လာမှာ မဟုတ်ဘူး”

ကြားဝင်ဖြန်ဖြေ၍ တရားပြလိုက်သော ဦးအိုက်ပန်း၏ စကားများ ကို ဒေါ်နန်းပိုက ကြားမိ လေဟန် မတူ။ ဟုန်ထွေသော စိတ်တို့ဖြင့် သီးထန်စွာ ပင် ရှိုက်ငင် ငိုကြွေးလာပြန်၏ ။

စောနှင်းပုလဲ ထရပ်လိုက်ပါသည်။

အသဲနှလုံး ကြွေပြုန်းရမတတ်သော ဝေဒနာကို ခံစားရင်းက သူသည် မိခင်ကြီးကို စူးစိုက် ကြည့်နေမိသည်။

သူ ဘာကိုမျှမသိပါ။

နားလည်း နားလည်နိုင်စွမ်း မရှိပါ။

ဖေဖေ ဘာကြောင့် ကွယ်လွန်သွားရပါသနည်း။

သူ့ကြောင့် ဟု မိခင်ကြီးက အပြစ်ဖို့နေသည်။

သူ ဘာကိုမျှမလုပ်ခဲ့ရပါ။

ဖခင် တစ်ယောက် သေရလောက်အောင် အမှု မျိုးကို သူလုပ်လည်း မလုပ်ဝံ့ပါ။

လုပ်လည်း မလုပ်ရက်ပါ။

ယုတ်စွအဆုံး ယောင်ရမ်း၍ မျှပင် ဖခင်သေရမည့် အမှု ကို တွေ းမကြည့်မိခဲ့ပါ။

မိခင်နှင့် ဖခင်ကို သူမြတ်နိုးချစ်ခင်လှပါသည်။

သူတို့၏ တုံ့ပြန်မြတ်နိုးမှု တွင် လည်း သူသည် တိမ်ယာဉ်ကို စီးနေရဘိသကဲ့သို့ အိအိငြိမ့်ငြိမ့် ပီတိစိမ့်ခဲ့ရ၏ ။

ထို့အတူပင် ကိုကိုကြီးနှင့် ကိုကိုလတ်တို့၏ ချစ်ခင်ယုယမှု များ တွင် လည်း သူသည် မွေ့လျော် ပျော်ရွှင်ခဲ့ရပါ၏ ။ နွဲ့ချင်တိုင်းနွဲ့ ဆိုးချင်တိုင်းဆိုးခွင့် ရခဲ့ပါ၏ ။

ယခုတော့မူ ကိုကိုကြီး၏ မျက်လုံးအစုံသည် သူ့တစ်ကိုယ်လုံးပေါ်သို့ စူးစိမ့်စွာ ကျရောက် နေသည်။

ကိုကိုလတ်ကမူ သူလှမ်းကြည့်လိုက်တိုင်း မေးကြောကြီးများ တင်းနေအောင် အံကိုကြိတ် ကာ မျက်နှာကို တစ်ဖက်သို့ လွှဲဖယ်ပစ်နေ၏ ။

စိမ်းပြင် စူးရှမှု အစုစုတို့၏ ဒဏ်ကို ခံနိုင်ရည်စွမ်းမရှိရှာတော့သော စောနှင်းပုလဲမှာ တစ်ကိုယ်လုံးနတ်ကျသကဲ့သို့ ဆတ်ဆတ်တုန်ကာ ရှူးသွပ်သွားရမတတ် ခံစားလာရတော့၏ ။

♥♥♥

"ကဲ . . . ကဲ . . . ငိုနေကြရုံနဲ့ မပြီးဘူး။ အိမ်ပေါ်ကို ပွေ့ကြရအောင်"

ဦးအိုက်ပန်က ဝင်ပြောလိုက်မှ ကိုကိုကြီးနှင့် ကိုကိုလတ်သည် လှုပ်ရှားလာကြ၏ ။

ဒေါ်နန်းပိုက ဘေးသို့ အသာဖယ်ရှားပေးလိုက် သည်။

ကျန်အမျိုးသား သုံးဦးက ဦးဝင်းရှိန်ကို အသာအယာ ပွေ့ကာ အိမ်ပေါ်သို့ တင်ဆောင် သွားကြတော့၏ ။

သူတို့၏ လက်ဖျားပေါ်တွင် ဖေဖေ၏ ခန္ဓာကိုယ်သည် ဖျော့ဖျော့အိအိရှိလျက်ဆဲပင်။

အချိန်အနည်းငယ် အတွင်းမှာ ပင် ဦးဝင်းရှိန် တစ်ယောက် သေဆုံးရခြင်းသတင်းစကား သည် တောမီးလောင်သကဲ့သို့ ပတ်ဝန်းကျင်သို့ ပြန့်နှံ့သွား၏ ။

သို့ ဖြစ်၍ 'နှင်းပုလဲ' ဂေဟာကြီးပေါ်တွင် လူတွေ မှာ ပျားပန်းခတ်တမျှ လှုပ်ရှားများ ပြား လာကြတော့၏ ။

အကျအန ပြင်ဆင်ထားသော ဖေဖေ့ရုပ်အလောင်းဘေးတွင် ထိုင်၍ ငိုရင်း လာသမျှပရိသတ်အပေါင်းကို ဖောက်သည်ချနေသော မေမေ့၏ စကားများ ကို ကန့်လန့်ကာ နောက်ကွယ် တစ်ခုမှနေ၍ သတင်းစုစည်းနေမိသော စောနှင်းပုလဲသည် တိုတောင်းလှသော အချိန်အတွင် းမှာ ပင် 'သူ့ကြောင့် ဖေဖေ တစ်ယောက် သေဆုံးရခြင်း' အကြောင်းရင်းကို

သိရှိခွင့်ရရှိလာတော့သည်။

♥ ♥ ♥

## ၂။

အိကနဲကျသွားသော အရာဝတ္ထုတစ်ခုကြောင့် ကန့်လန့်ကာကြီးသည် လှုပ်ရမ်းသွား၏ ။

"ဟဲ့ . . .ဟဲ့ . . . လုပ်ကြပါဦး စောနင်းပုလဲရယ်"

"နင်းပုလဲဂေဟာ' ကြီးတွင် အိမ်တွင်းမှု တာဝန်ကို ထမ်းဆောင်နေသော ဒေါ်နန်းလုံသည် အများ နည်းတူ စောနင်းပုလဲအား အပြစ်မြင်၊ အပြစ်တင်နေသူတစ်ဦး ဖြစ်သော်လည်း မိမိ မျက်စေ့ ရှေ့တွင် ဖွဲအိတ်တစ်အိတ်ပမာ ထိုးကျသွားသည်ကိုတော့ လက်ပိုက်၍ မရှုစိမ့်ရက်ပါပေ။

စောနင်းပုလဲထံ အပြေးကလေး ရောက်ရှိလာပြီး ပွေ့ထူထားလိုက်သည်။

"နင်းပုလဲ . . .နင်းပုလဲ"

မျက်ရည်တွေ ရွှဲနစ် စိုစွတ်သော မျက်နှာကလေးဖြင့် စောနင်းပုလဲကဖြင့် မေ့မြောလို့ နေချေပြီ။

ဒေါ်နန်းလုံ၏ အသံကြောင့် ကိုကိုကြီးနှင့် ကိုကိုလတ်တို့သည် အတွင်းခန်းထဲသို့ ရောက်ရှိ လာကြသည်။

စောနင်းပုလဲ၏ အ ဖြစ်ကို မြင်တွေ့လိုက်ရလျှင် ကိုကိုကြီးသည် ထိတ်ပြာ ပူပင်စိတ် ဖြစ်ဖို့ ဝေးစွ၊ မျက်နှာကြီးမဲ့ကာ အပြင်ခန်းဆီသို့ ခြေဆောင့်၍ ပင် ထွက်ခွာသွား၏ ။

ကိုကိုလတ် ကတော့မှု ရှုတည်တည်မျက်နှာဖြင့် စောနင်းပုလဲ၏ မျက်နှာကို

အတန်ကြာ အောင် စိုက်ကြည့်နေပြီးမှ ဘာမပြော ညာမပြောနှင့် ညီမ ဖြစ်သူကို စွေကနဲ ပွေ့ချီ၍ ကုတင်ပေါ် သို့ တင်ထားပစ်ခဲ့၏ ။

“ဒေါ်နန်းလုံ ဆရာဝန်ခေါ်ပြရင် ပြလိုက်”

“အင်း . . . အင်း . . ကိုလတ်”

ဒေါ်နန်းလုံက တစ်ဖက်သို့ လှည့်ပြီး ခင်ပွန်းသည် ဦးအိုက်ပန်ကို လက်ကုတ်လိုက်သဖြင့် မကြာမီ ဆရာဝန်ရောက်ရှိလာသည်။

အချိန်အတန်ကြာအောင် ကုသမှု ပြုမှ စောနှင်းပုလဲ သတိပြန်လည်လာ၏ ။ သည်တော့မှ စောနှင်းပုလဲသည် ခါးဆီမှ နာကျင်ကိုက်ခဲရသော ဝေဒနာတစ်ရပ်ကို ထိထိမိမိကြီး ခံစားလာရ တော့၏ ။

သည်အချိန်ထိ ဒေါ်နန်းပိုသည် သမီးအနီးသို့ ရောက်၍ မလာ။

သူ့စိတ်ထဲတွင် လတ်တလော ခံစားရချက်သည် သေဆုံးသူ ခင်ပွန်းသည်အတွက်ချည်းသာ ဖြစ်နေသည်။

“တတ်နိုင်လို့ ဒင်းပါသေလျှင် ကောင်းမည် ” ဟု ရက်ရက်စက်စက် စိတ်ထဲက ကြိတ်၍ ပြောလိုက်သော မိခင်၏ စကားများ ကိုသာ ကြားရပါမည် ဆိုလျှင် စောနှင်းပုလဲ မည်သို့ ရှိချိမ့်မည် နည်း။

ဒေါ်နန်းပို ကတော့ သူ့ဘဝတွင် အစားထိုး၍ ရမည် မဟုတ်သော ခင်ပွန်းသည် ဆုံးရှုံးရခြင်း အတွက် သမီး ဖြစ်သူ အပေါ်တွင် စိတ်အနာကြီးနာနေမိလေပြီ။

သုံးရက်လုံးလုံး အလောင်းဘေးက မခွာဘဲ ဆို့လိုက်၊ ကက်လိုက်နှင့် ပရိဒေဝသော ကမီး တညီးညီးတောက်လောင်ခြင်း ခံခဲ့ရသော ဒေါ်နန်းပိုသည် ခင်ပွန်းသည်ကို မြေချပြီးသည့်အခါတွင် လည်း တစ်ကိုယ်တည်း အခန်းတံခါးပိတ်ကာ ငိုပွဲဆက်၍ နေပြန်၏ ။

မေမေပိုအတွက် ဖေဖေ့ကို ဆုံးရှုံးရခြင်းသည် မိမိကို ဆုံးရှုံးရခြင်းထက်

အဆပေါင်း တစ်သိန်းတစ်သန်းမက သာလွန်သည်ကို သိမြင်လာရသည့်အခါတွင် စောနင်းပုလဲသည် မေမေပို နှင့် ဖေဖေတို့၏ ဘဝအစကို ပြန်ရောက်စေချင်လှသည့်ဆန္ဒ ပြင်းပြခဲ့ရ၏ ။

နဖူးပေါ်လက်တင်၍ မျက်ရည်ပူတွေ တလိမ့်လိမ့် ကျအောင် ဆွေးမြေ့ ကြေကွဲနေရှာသော ဒေါ်နန်းပို၏ အတွေးများ တွင် လည်း တတ်နိုင်လို့ ဘဝအစကို ပြန်ရောက်ခွင့်ရပါလျှင် သမီးဆုကို "ဘယ်တော့မှ ပန်လိမ့်မည် မဟုတ်"ဟု နာကျည်းလှစွာ ဆုံဖြတ်ထားနေမိ၏ ။

"ကိုဝင်းရယ် . . . ကိုဝင်း . . . ပိုပို ဘယ်လိုနေရတော့မှာ လဲ ဟင်၊ ဘယ်လိုဖြေသိမ့်ရတော့ မှာ လဲ"

ဒေါ်နန်းပိုသည် အဖန်တလဲလဲ သည့်သို့ တီးတိုးတမ်းတမှု ကိုသာ ပြုနေ၏ ။

လွမ်းရှာပေလိမ့်မည်၊ ဆွေးရှာပေလိမ့်မည် ။ အကြောင်းမူ သူတို့နှစ် ဦးသည် တစ်ဦးကိုတစ်ဦး မျက်စေ့အောက်က အပျောက်မခံနိုင်အောင်ပင် ချစ်ခင်ခဲ့ကြသည်ကိုး။

ဦးဝင်းရှိန်၏ ကိုယ်တစ်ပိုင်းဖြတ် ရိုက်ကူးထားသော ဓာတ်ပုံကြီးရှေ့တွင် ငူငူကြီးထိုင်ကာ ဆို့နင့်ကြေကွဲမှု တွေ ဖြစ်နေသော ဒေါ်နန်းပို၏ နားအာရုံထဲသို့ စီးချက်မမှန်သော မြင်းခွာသံများ ဝင်ရောက်လာ၏ ။

ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားပြီး သူ ထရပ်လိုက်မိသည်။

သူ့ခြေထောက်များ သည် ပိတ်ထားသော ပြူတင်းပေါက်ဆီသို့ သွက်လက်စွာ ရောက်ရှိသွား ပြီး သူ့လက်များ က တံခါးကို အဆောတလျင် ဖွင့်လိုက်ကြပြန်၏ ။

"ဘာလဲ နန်းလုံ"

သူ့အနီးသို့ ရောက်မလာခင်ကထဲက ဦးအိုက်ပန်းသည် ချိတ်ထားသော မြင်းကုန်းနီးကို ဖြုတ်ယူရင်း လှမ်းပေးလိုက် မိသည်။

"နင်းပုလဲနောက် လိုက်မလို့ မဟုတ်လား"

“အေး . . .”

“မြန်မြန်သွားချည် . . . မြန်မြန်သွားချည်။ နန်းပို အားကြီး စိတ်ပူနေတယ်”

“အေး . . . ငါသိပါတယ်”

ဒေါ်နန်းလုံသည် ဖြူမ၏ ကိုယ်ပေါ်သို့ လိုအပ်သည်များ ကို ခင်ပွန်းသည်နှင့် အတူ တပ်ဆင်ပေးလိုက် ၏ ။

“အင်း . . . ခလေးမလေး ဘေးမ ဖြစ်ပါစေနဲ့၊ သူ့အမေက မခေါ်မပြောနဲ့ သူ့ကို အနာကြီး နာနေလို့ ခလေးမလေးက ဖြစ်ချင်ရာ ဖြစ်ဆို ထွက်သွားတာ ငါစိတ်ပူလိုက်တာ အိုက်ပန်းရယ်။ ခါးနာနေတာလဲ ကောင်းကောင်း ပျောက်သေးတာမဟုတ်ဘူး”

“နင် . . .နန်းပိုဆီ သွားနေ၊ ငါခု ခေါ်ပြီး ပြန်လာခဲ့မယ်”

ဦးအိုက်ပန်းသည် မြင်းမလေးဖြူမကို ကျင်လည်စွာ စီးနင်းပြီး” စောနင်းပုလဲ ထွက်ခွာ သွားရာ လမ်းကို ဒုံးစိုင်း၍ နှင်သွားတော့၏ ။

♥♥♥

၃။

ဒေါ်နန်းပိုသည် ပြူတင်းပေါက် သံတိုင်များ ကို လက်နှစ် ဖက်ဖြင့် တင်းကြပ်စွာ ဆုပ်ကိုင်ရင်း မျက်ရည်တွေ ထွေထွေကျနေ၏ ။

“ဒုက္ခပေးလှချည့်လား စောနင်းပုလဲရယ်”

မချိတင်ကဲသံဖြင့် တီးတိုးရေရွတ်ရင်း၊ သူသည် တစ်ကိုယ်လုံး တုံရီ၍ လာရာ၏ ။

အိပ်ခန်းထဲသို့ ဝင်လာသော ဒေါ်နန်းလုံ တစ်ယောက် သူ့အ ဖြစ်ကို မြင်လိုက်ရလျှင် ထိပ်ပြာ သွားရာ၏ ။

"ဟဲ့ . . . နန်းပို"

သူသည် ဒေါ်နန်းပိုအနီးသို့ အလျင်အမြန် ရောက်ရှိသွားပြီး ဖေးမတွဲကူထားလိုက်သည်။

ဒေါ်နန်းပိုသည် ရင်ဝကို လက်နှစ် ဖက်ဖြင့် ဖိ၍ မျက်ရည်ပြည့်အိုင်နေသော မျက်လုံးများ ဖြင့် တွဲ ကူဖေးမလာသူကို ကြည့်လိုက်သည်။

"လာ လာ . . . ကုတင်ပေါ် လှဲနေလိုက် နန်းပို"

ဒေါ်နန်းပိုသည် ကလေးငယ်တစ်ဦးကဲ့သို့ ဆွဲခေါ်ရာသို့ လိုက်ပါခဲ့၏ ။

သူ့အား ကုတင်ပေါ်တွင် လှဲစေလိုက်ပြီး ခါးလည်ထိအောင် စောင်တစ်ထည်ကို လွှမ်းခြုံပေးလိုက် သည်။

"သူ ညီ့မောင်းကိုစီးပြီး ထွက်သွားတယ် အရီးလုံ"

ယင်းစကားသည် သူ့နှုတ်ဖျားမှ တုန်တုန်ခိုက်ခိုက်ထွက်ပေါ်လာ၏ ။

မျက်ရည်ပူတို့သည်လည်း သူ့ပါးပြင်နှစ် ဖက်ပေါ်သို့ တလိမ့်လိမ့်ဆင်းကျလာတော့၏ ။

"နင်ကလဲ စိတ်ကြီးတာကိုး နန်းပိုရယ်၊ ကလေးကိုချည့်ပဲ အပြစ်ဖို့နေလို့လဲ မပြီးသေးဘူး။ သူက တမင်လုပ်တာမှမဟုတ်ဘဲ။ ကံတရားကိုလဲ နင်နားလည်ဖို့ကောင်းတယ်"

ဒေါ်နန်းပိုသည် သဲ့သဲ့ရှိုက်ရင်း မျက်စိကို မှိတ်ထားနေ၏ ။

"အေး . . .သိပ်ပူမနေနဲ့၊ ကလေးနောက်ကို အိုက်ပန်း လိုက်သွားပြီဘဲ၊ သူ ခေါ်လာလိမ့် မပေါ့"

"မပူနဲ့" ဆိုသော်လည်း ပူမိပါသည်။ နင်းပုလဲအပေါ် တဒင်္ဂပျောက်ကွယ်သွားမိခဲ့သော မေတ္တာစိတ်တို့သည် ပြာဖုံးနေသော မီးကျည်ခဲကို လေပင့်လိုက်သည့်ကဲ့သို့ ရှိန်းရှိန်းတောက် လောင်၍ လာကြပေပြီ။

“ဘေးမသိ ရန်မခပါစေနဲ့၊ ခလုပ်မထိ ဆူးမငြိပါစေနဲ့ . . .”

တဖွားဖွားရှင်သန်လာသော မိခင်၏ စစ်မှန်သော မေတ္တာစိတ်တို့ဖြင့် ဒေါ်နန်းပိုသည် ကြိတ်၍ သာ ဆုတောင်းမေတ္တာပို့သ၍ နေမိသည်။

ချစ်ရပါသည် . . .ချစ်လှပါသည်။

သည်ကလေးကို ဒေါ်နန်းပိုနှင့် ဦးဝင်းရှိန်သည် နို့ညှာကောင် ကိုကိုလတ်နှင့် ဆယ်နှစ် ကွာမှ ထပ်မံရရှိခဲ့ခြင်း ဖြစ်၏ ။

ဖိုမှန်း. . .မမှန်း မသိခင်ကတည်းက သည်ရင်သွေးကို နှစ် နှစ် ကာကာ ချစ်ခဲ့မိပါသည်။ တစ်နေ့တခြား ပြည့်ဖြိုး ထွားမို့လာသော ကိုယ်ဝန်ကိုကြည့်ကာ ဇနီးမောင်နှံ ကြည်နူးမဆုံး ရှိခဲ့ပါ၏ ။

မှတ်မိပါသည် တစ်နေ့ကို . . .

“ပိုပိုရေ . . . ဘာလိုလိုနဲ့ နေ့စေ့လစေ့တောင် ရှိလာပြီနော်၊ ကိုဝင်းနဲ့ ပိုပိုမျှော်လင့်လာ သလိုသာ သမီးကလေး မွေးလာရင်တော့ ကိုဝင်းတို့ ဇနီးမောင်နှံလောက် ပျော်စရာကောင်းတဲ့လူ တွေ ကမ္ဘာမှာ ရှိမယ်မထင်ဘူး”

ချစ်ရသော ခင်ပွန်းသည် သည်ကမ္ဘာနှင့် ချီ၍ ပင် စကားတွေ ဆိုနေချေ၏ ။

“မပူပါနဲ့ ကိုဝင်းရယ် . . . ပိုပို အလိုလိုစိတ်ထဲက သိနေတယ်။ ဒီကလေးလေးက သမီး လေးကို ဖြစ်ရမယ်။ ဟောဒီမှာ ကြည့်စမ်း၊ ပိုပိုလက်နဲ့ ပိုပိုကိုယ်တိုင် ချုပ်ထားတဲ့ အင်္ကျီလေးတွေ ”

ဘယ်အချိန်က ချုပ်ထားမှန်း မသိတော့။ မိန်းကလေးဝတ် အဝတ်အထည်များ ကို ဇနီးသည် က ဆွဲထုတ် ပြလာသည့်အခါတွင် ဦးဝင်းရှိန်မှာ အံ့သြခြင်းနှင့် အတူ ဝမ်းသာခြင်း ပီတိကိုလည်း ခံစားလာမိ၏ ။

မိခင်နှင့် ဖခင်ကဲ့သို့ ပင် သားကြီး ကိုကိုကြီးနှင့် သားလတ် ကိုကိုလတ်တို့သည် အဖြူအမည်း မသဲကွဲသေးသော ကလေးငယ်ကို မြင်ချင်ဇောတွေ ဖြင့် မျှော်နေမိကြ၏ ။

♥ ♥ ♥

လူသား တစ်ယောက် လူ့ဘောင်လူ့လောကို ကေန်မလွဲ ရောက်ရှိရမည့် နေ့သို့ ဆိုက်ရောက် ခဲ့ပေပြီ။

ဆေးရုံပေါ်ရှိ တစ်ခုသော ကုတင်ထက်တွင် ဒေါ်နန်းပို တစ်ယောက် လူးလူလိမ့်လိမ့် ချွေးသိပ်မရသော ဝေဒနာကို ခံစားနေရချိန်တွင် သားနှစ် ယောက် နှင့် အဖေဖြစ်သူမှာ လည်း လူနာ စောင့်စင်္ကြံန်ပေါ်တွင် လူးလာခတ်ပြာ ဆောက်တည်ရာမရ ဖြစ်နေကြ၏ ။

“ဟဲ့ . . . နင်တို့ ဘယ်လို ဖြစ်နေကြတာလဲ။ မျက်စိကိုနောက်နေတာဘဲ။ ထိုင်နေကြစမ်း ဟယ်”

ဒေါ်နန်းလုံ ကိုယ်တိုင်ကလည်း ယင်းသို့ ပြောသာ ပြောလိုက်မိပေမယ့် ရင်ထဲမှာ တော့ အပူ သား။

“နန်းပို တစ်ယောက် ဒီတသားမှာ ခက်လိုက်တာ၊ ချောချောမောမောမှ ရှိပ့ါမလား။ ဟင်း . . . ငါ စိတ်ပမ်းလိုက်ပါဘိတော့”

အများ ကြောင့် ကျပူပန်မှု ကိုရအောင်ပင် ဒေါ်နန်းပိုသည်လည်း ဒီတသားကို ခက်ခဲပင်ပန်း လှစွာ ညှပ်ဆွဲ၍ မွေးဖွားခဲ့ရသည်။

“တစ်လုံးတစ်ခဲကြီးဟဲ့”

“လှလိုက်တဲ့ ကလေးဟဲ့”

“အို . . . အသားကလေးကို ဖွေးနေတာဘဲ”

မေ့မေ့မူးမူး လူးလူးလိမ့်လိမ့် ခံစားခဲ့ရသော ဝေဒနာများ အဘယ်သို့ ပြေးလေကြပြီ မသိ။

တစ်ယောက် တစ်ပေါက်သော ဆရာမ များ ၏ စကားကို နားစွင့်ပြီး သူသိလိုလှသည့် မေးခွန်း ကို အားယူပြီး မေးလိုက်မိသည်။

"ဘာ . . . ဘာလေးလဲဟင်"

"သမီးလေးရှင့် . . သမီးလေး၊ တကတည်း တတုံးတခဲကြီး၊ ရှစ်ပေါင် သုံးအောင်စတောင် ရှိတယ်"

"ဟယ်"

သားဖွားပြီးစတွင် အလှဆုံးသော မျက်နှာကို ဒေါ်နန်းပို ရရှိလိုက်သည်။

ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။

"သမီးလေး . . .သမီးလေးဟုတ်လား။ ကိုဝင်းတော့ သိပ်ဝမ်းသာသွားမှာ ဘဲ"

မိမိခံစားနေရသော သိမ့်သိမ့်စိမ့်စိမ့်ထွန်းလှသည့် ကြည်နူးမှု ကို ချစ်လှစွာ သော လင်သား အားလည်း မျှဝေပေးလိုက် ချင်သည်။

ဆံပင်ကလေးက နက်လှသည် အနည်းငယ်တွန့်တွန့်ကွေးနေသေးသည်။

မျက်တောင်ကလေးများ က ရှည်းလျား ကော့ပျံနေသည်။

မျက်လုံးမျက်စလေးကလည်း ပီပြင်ညွှတ်ကေးလှသည်။

မို့ဖောင်းသော ပါးပြင်ကလေးနှစ် ဖက်ကြားတွင် နှာတံကလေးက ဖြောင့်စင်းစွာ သွယ်ကျနေ၏ ။

ပါးလှပ်သော နှုတ်ခမ်းအစုံကလေးကလည်း နီနီထွေးထွေးနှင့် ပြောဖွယ်ရာ အပြစ်မရှိ။ ပကတိလှသော သမီးကလေးပါပေ။

မွေးခန်းအပြင်ဘက်က ရှုခင်းကို ကြည့်ပါလေဦး။

"ဟဲ့ . . . သမီးကလေးတဲ့တော် "

သတင်းလာပို့သော ဆရာမ လေးရှေ့တွင် အားလုံးကျေနွမြဆယ်နိုင်အောင် ဖြစ်သွားကြ သည်။

ဦးဝင်းရှိန်သည် သူ့ဘေးတစ်ဖက်တစ်ချက်စီတွင် ရှိနေသော သားနှစ် ယောက်၏ ပုခုံးစွန်း နှစ် ဖက်ကို ဘယ်ပြန်ညာပြန် အားပါးတရ လက်သီးဖြင့် ထိုး၍ သူ့ဝမ်းမြောက်ကြည်နူးမှု ကို ထုတ်ဖော်လိုက်သည်။

စောနင်းပုလဲအမည် တွင် မည့် ကလေးငယ်တစ်ဦး လူ့ဘောင်လူ့လောကသို့ ရောက်လာခြင်း အတွက် သူနှင့် သက်ဆိုင်သော မိသားစု ဝမ်းမြောက်ဝမ်းသာ ရှိကြပါသည်။

♥♥♥

မိခင်ရော ကလေးပါ ကျန်းမာစွာ ရှိကြသော ကြောင့် ငါးရက်မြောက်သော နေ့တွင် ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့သည်။

မီးနေသည်နှင့် မွေးကင်းစ ကလေးငယ်အတွက် အိမ်ဖော်နန်းလုံနှင့် ခင်ပွန်းသည် ဦးအိုက်ပန်တို့ အလုပ်ရှုပ်နေသည်ကဲ့သို့ ပင် ဦးဝင်းရှိန်မှာ လည်း သတင်းမေးလာသမျှသော မိတ်ဆွေသင်္ဂဟများ ကို ဧည့်ခံ‌ဧည့်ခံကာ မမောနိုင် မပန်းနိုင်အောင်ပင် ရှိနေ၏ ။

ကိုကိုကြီးနှင့် ကိုကိုလတ်တို့လည်း ကလေး၏ အိပ်ရာနံဘေးမှ မခွာဘဲ တောက်တဲ့ကပ် ကပ်ကာ လက်ကလေးကိုင်ကြည့်လိုက်၊ ခြေကလေးကိုင်ကြည့်လိုက်၊ ပါးကလေးကိုတို့လိုက်နှင့် ကစားစရာ အရုပ်တစ်ခုကို စိတ်ဝင်စားနေသော ကလေးငယ်များ နှင့် သာ တူနေတော့၏ ။

သည်ကလေးကား အကျိုးပေးကောင်းလှ၏ ။

သူ့ကိုဖွားမြင်ပြီးကတည်းက ဦးဝင်းရှိန်၏ အရောင် းအဝယ်လုပ်ငန်းသည်

ယခင်ကလို အထစ်အငေါ့မရှိတော့ဘဲ ပန်းမွေ့ယာခင်းသည့်လမ်းတွင် လျှောက်ရဘိသကဲ့သို့ အဆင်ပြေ ချောမွေ့လျက်။

တောင်းသော ဆုနှင့် ပြည့်သော သမီးငယ်ကိုရ၍ သည်သမီးငယ်နှင့် အတူ ဥစ္စာပစ္စည်း နေ့ချင်းညချင်း ဒီရေအလား တိုးပွားလာသော ကြောင့် ဦးဝင်းရှိန်သည် သည်ကလေး၏ အမည် ပေး ကင်ပွန်းတတ်မင်္ဂလာနေ့ကို တခမ်းတနား ခြိမ့်ခြိမ့်သဲသဲပင် ကျင်းပလိုက်လေ၏ ။

သည်နောက် မကြာခင်ကာလတွင် ပျဉ်ထောင် သွပ်မိုးတော် ရုံသင့်ရုံသာရှိသည့် မူလ နေအိမ်ကလေးမှ ကျယ်ဝန်းသော ခြံ၊ ထီးထီးမားမားရှိလှသော အိမ်ကြီးတစ်ဆောင်ကို ဝယ် ဖြစ် လိုက်၏ ။

သည်အိမ်ကြီးကို သမီးကလေး စောနှင်းပုလဲ အမည် ကိုစွဲ၍ ‘နှင်းပုလဲဂေဟာ’ ဟု သူက အမည် ပေးခဲ့ပြန်၏ ။

သည်အိမ်ကြီးပေါ်တွင် ပင် စောနှင်းပုလဲသည် အစစအရာရာ ပြည့်စုံကုံလုံသော ဘဝဖြင့် အရွယ်ရောက်လာခဲ့၏ ။

အရွယ်ရောက်လာသည့် အခါတွင် လည်း တစ်ယောက် ဆို တစ်ယောက် စံထားလောက် အောင် အလှတွင် အခေါင်ကျူး ၍ အလှထူးသူကလေး ဖြစ်ခဲ့၏ ။ သူ့ကို အများ က ‘နှင်းပုလဲ’ ဂေဟာ ၏ ကျက်သရေဆောင် ပန်းကလေးတစ်ပွင့်ကဲ့သို့ တင်စားခြင်းကို ခံခဲ့ရပေ၏ ။

ဦးဝင်းရှိန်နှင့် ဒေါ်နန်းပိုသည် သမီးချောရှင်များ ဖြစ်ကြသည့်အတိုင်း နေရာတကာတွင် မျက်နှာပွင့်ကြ၏ ။ အစစအရာရာတွင် အများ ၏ အရေး တယူပြုမှု ကို ခံကြရ၏ ။

ကိုကိုကြီးနှင့် ကိုကိုလတ်တို့မှာ တော့ ပန်းဥယျာဉ်အထဲမှ မဥ္စူသက နတ်ပန်းကလေးကို ခြွေလိုသူ ဆွတ်ယူလိုသူများ ပေါများ နေသော ကြောင့် စောင့်ရှောက်ထိန်းသိမ်း နေလိုက်ရသည်မှာ ဂူမှာန်ယက္ခများ နှင့် မခြား ရှိနေ၏ ။

ဘဝအစမှသည် ကုံလုံပြည့်စုံစွာ ခံစား စံစားခဲ့ရသည်က တစ်ကြောင်း၊ သူမတူအောင် လှသွေးကြွယ်ခဲ့သည်ကတစ်ကြောင်း၊ မိဘမောင်ဘွားများ က သဲသဲလှုပ် ဖူးဖူးမှု တ်ထားခဲ့ခြင်းများ က တစ်ကြောင်းတို့ကြောင့် စောနှင်းပုလဲသည် အလိုလိုက်မှု ကို အခွင့်အရေး ယူတတ်၏ ။ လှပမှု ကို တံခွန်ထူတတ်၏ ။ ဥစ္စာရှိမှု ကို ဘဝင်ခိုက်၍ နေတတ်ပေ၏ ။

သူကား မိဘမောင်ဘွားများ အပေါ်တွင် အနိုင်ကလူ့ပြု၍ ရပေမယ့် ပတ်ဝန်းကျင်နှင့် ဆက် သွယ်မှု နှင့် အဆင်မချောဘဲ ရှိ၏ ။

မောက်မာ ထောင်လွှား မော်ကြွားခြင်း ရှိလှသော သူ့ကို ကြည့်မရဆုံး ဖြစ်သူမှာ ကိုကိုလတ် ၏ အချစ်ဆုံးသူငယ်ချင်း ညီညီပင် ဖြစ်သည်။

ညီညီနှင့် သူမှာ မဆုံလိုက်နှင့် ။ ဆုံလိုက်သည်နှင့် ခွေးနှင့် မျောက်ပမာ ရန်ဖြစ်ကြသည်သာ ဖြစ်၏ ။

ကြာတော့ စောနှင်းပုလဲနှင့် ဘုဘောက် ကျရလွန်းသဖြင့် နှင်းပုလဲဂေဟာကို ခြေချရန်ပင် ဝန်လေးနေမိတော့၏ ။

ဘယ်သူတွေ ဘာတွေ ပြောပြော ကိုကိုလတ် ကတော့ လူရိုးလူဖြောင့် ညီညီနှင့်သာ နမယ် ကို သင့်တင့်စေချင်၏ ။

ဆန္ဒက ဆန္ဒသာရှိ၏ ။ ဖြစ်ချင်စေသည်က ဖြစ်မလာပေ။

သည်လိုနှင့် ဘဲ ညီညီ၏ ဖခင် နယ်ပြောင်းခွင့် ရသဖြင့် ကိုကိုလတ်နှင့် ညီညီတို့သည် ကွေကွင်းခွဲခွာခြင်း အခြေအနေသို့ ရောက်ခဲ့ကြရပေ၏ ။

ပြောင်းသွား စ တစ်ပတ်ခန့်ကဆိုလျှင် ကိုကိုလတ်မှာ ချစ်သူငယ်ချင်းကို လွမ်းလွန်းသဖြင့် မအိပ်နိုင် မစားနိုင်ပင် ဖြစ်ခဲ့၏ ။

ဤသည်ကို . . .

"ဟွန်း . . . ကိုကိုလတ်က ဖြစ်နေလိုက်တာ။ သူငယ်ချင်းချင်း ခွဲရတာ ကိုဘဲ

ရည်းစားနဲ့ ခွဲရ တာလို လွမ်းနေတယ်။ အ ဖြစ်ကလဲ သဲရန်ကော”

သူ့ပုခုံးစွန်းတစ်ဖက်ကို တွန်းကာ တွန်းကာဖြင့် မဲ့ကာရွဲ့ကာ ပြောနေသော နမငယ် ဖြစ်သူ ကို ကိုကိုလတ်သည် မချိပြုံး ပြုံး ၍ သာ ကြည့်နေမိ၏ ။

“ကိုညီညီလို သူငယ်ချင်းမျိုး ကမ္ဘာမှာ တစ်ယောက် ထဲ ရှိနေတယ် မထင်ပါနဲ့၊ ကိုကိုလတ် ထပ်တွေ ့အုံးမှာ ပါ စောင့်သာကြည့်နေ”

အင်းပါ ကိုယ့်ညီမပြောသလိုဘဲ စောင့်ကြည့်ရသေးတာပေါ့။ ကဲ . . . ကဲ . . .အဝတ်အစား လဲချည်တော့။ ကျောင်းချိန်နီးနေပြီ။ ဒီနေ့တော့ တစ်ယောက် ထဲ လိုက်ပို့ရမှာ ။ သိပ်အားမရှိဘူး”

ကိုကိုလတ်၏ နောက်ဆက်တွဲ စကားလေးကြောင့် စောနှင်းပုလဲမှာ မျက်စောင်းကလေး စုသွား၏ ။

ကိုကိုလတ် တစ်ယောက် ဘာကို ရည်ညွှန်း၍ ပြောလိုက်သည်ကို စောနှင်းပုလဲ ‘ဒက်’ ကနဲ သိလိုက်ပါသည်။ သို့ ဖြစ်၍ လည်း သူ၏ လှပနုထွေးသော မျက်နှာကလေးမှာ အိုတိုတို ဖြစ်သွားရှာ ၏ ။

“အို . ..ဟုတ်ပါရဲ့ ၊ ဟိုအပတ်က ငါ့ကိုလိုက်နှောက်ယှက်တဲ့ ငနဲတွေ ”

“ဟင်း . . . ဟင်း . . . သိပ်လဲ လန့်မ သွားပါနဲ့ ညီမလေးရာ၊ ကိုကိုလတ် လက်ဝါးစောင်း ကလဲ ညီညီကိုမမီပေမယ့် သုံးလေးယောက် ကိုတော့ အကွဲချနိုင်ပါတယ်”

နမငယ်ဖြူတူတူ ဖြစ်လာသော မျက်နှာကလေးကို ကြည့်ကာ ပြုံး ပြုံး ရယ်ရယ် ပြောဖော်ရ လာတော့မှ စောနှင်းပုလဲသည်လည်း ပြုံး ဖော်ရလာ၏ ။

သည်နေ့တွင် တော့ ညီညီ တစ်ယောက် အဖော်အပါးအ ဖြစ်မှ ပျောက်ကွယ်သွားခြင်းတန်ဖိုး စောနှင်းပုလဲ သိရတော့၏ ။

♥ ♥ ♥

တစ်နေ့၊ တစ်ရက်နှင့် လျင်မြန်စွာ ကုန်ဆုံးလာသော ရက်များ အဆုံးတွင် တက္ကသိုလ်ဝင် စာမေးပွဲကြီးက ထီးထီးမားမားရှိနေတော့၏ ။

စောနှင်းပုလဲသည် သူရောက်လိုလှသော တက္ကသိုလ်သို့ ခြေချခွင့်ရရှိနိုင်ရန်အတွက် စာမေးပွဲကို နှစ် ချင်းပေါက် အောင်မြင်နိုင်စေရန် စာကိုအပြင်းအထန် ကြိုး စား၍ နေ၏ ။

အအိပ် အစားပျက်လုမတတ် စာကြည့်လာသော အခါ အမိအဖများ မှာ စိုးရိမ်လာကြ၏ ။

"သမီးရယ် ဒီလောက်ကြိုး စားဖို့ မလိုပါဘူး။ ကျန်းမာရေး ထိခိုက်ပါ့မယ်။ အိပ်ချေကွယ်"

"ဟုတ်ပါတယ် သမီး၊ ဒီနှစ် မအောင်လဲ နောက်နှစ် ပေါ့။ သမီးအသက်က ငယ်ငယ်ကလေး ရှိသေးတာဘဲ"

"ဟင့်အင်း . . . သမီး ဒီနှစ် အောင်ကိုအောင်ရမယ်။ ဒီ သုံးခုလေးခုလဲ ချိတ်ကိုချိတ်ရမယ်။ စိတ်မပူပါနဲ့ ဖေဖေရယ်။ သမီးကျန်းမာရေး ကို ဘယ်လိုမှ မထိခိုက်စေပါဘူး။ ဒါဘဲနော်. . . စာမေးပွဲ ပြီးရင် သမီးလိုချင်တဲ့ မြင်းညိုကြီးကို ဝယ်ပေးရမယ်။ အောင်တဲ့အခါကျတော့ ဖေဖေ ပေးထားတဲ့ ကတိအတိုင်း ရန်ကုန်ဆေးတက္ကသိုလ်ကို ပို့ပေးရမယ်"

ဦးဝင်းရှိန်သည် ကိုက်ထားသော ဆေးတံကို ချွတ်ကာ တဟင်းဟင်း ရယ်မောလိုက်၏ ။

"ဟွန်း . . . ဖေဖေက ဘာရီတာလဲ"

"သမီး မေမေ့မျက်နှာကို ကြည့်လိုက်ပါဦး"

ဒေါ်နန်းပိုသည် စောနှင်းပုလဲအတွက် ဆွယ်တာနီနီကလေးထိုးနေရာမှ

ခင်ပွန်းသည်၏ စကားကြောင့် ဦးခေါင်းကလေး ငုံ့လျှိုးသွားရှာ၏ ။

"ဟင် . . . မေမေ ဘာ ဖြစ်လို့လဲ"

"သမီး ဆေးတက္ကသိုလ်သွားချင်တယ်ဆိုတိုင်း သမီးမေမေမှာ မရှုနိုင် မရှိုက်နိုင် ဖြစ်နေ တယ်။ သူက သမီးကို ခွဲမနေနိုင်ဘူး မဟုတ်လား"

"အို . . . မေမေကလဲ ခနခွဲရတဲ့ဟာကို။ သမီး ဆရာဝန်မကြီး ဖြစ်သွားတော့ မေမေ့အနား က မခွာဘဲ နေမှာ ပေါ့လို့။ အင်း . . . ဒါက ထားပါဦးလေ။ ဒီကိစ္စက စာမေးပွဲအောင်ပြီး ဒီသုံးလေး ခု ထွက်မှ စဉ်းစားရမယ့် ကိစ္စပါ။ အခု အရေး ကြီးတာ ကတော့ စာမေးပွဲပြီးရင် ညို မောင်းကို စီးချင် တယ်"

ဖခင်ဘက်သို့ ပြုံး စာကြည့်၏ ။ မေးကလေး ဆတ်ကနဲ ထိုးလိုက်၏ ။

"စိတ်ချ၊ စိတ်ချ၊ မနေ့ကဘဲ သမီးပြောလို့ ဖေဖေညိုမောင်းကို သွားကြည့်သေးတယ်။ ဒီကောင်ကြီးကို ဖေဖေလည်း သဘောကျပါတယ်။ ဒါပေမဲ့ ဖြူမလို ယဉ်ပါးအောင်တော့ အတော် ကျင့်ယူရလိမ့်မယ်။ ခု ဒီကောင်က သိပ်တောင် အထိမခံချင်ဘူး"

"ဖြူမတုန်းကလဲ အရိုင်းကနေ အယဉ် ဖြစ်အောင် ဖေဖေသိမ်းသွင်းခဲ့တာဘဲ မဟုတ်လား။ ညိုမောင်းလဲ ဒီလို ဖြစ်လာမှာ ပေါ့လို့နော် ဖေဖေ"

"အေးပါကွယ်။ သမီးက ဒီလောက် လိုချင်နေမှတော့ မနက်ဖြန်ဘဲ ဖေဖေ စရံသွားတတ် ထားလိုက်မယ်"

"ဟေး . . .ဒါမှ ဒို့ဖေဖေကွ"

စောနှင်းပုလဲသည် ဖခင်အနီးသို့ အပြေးကလေး ရောက်ရှိလာကာ လည်ပင်းကိုသိုင်းဖက်၍ ပါးနှစ် ဖက်ကို တရွှတ်ရွှတ်မြည် အောင် နမ်းရှုံ့နေတော့၏ ။

ဦးဝင်းရှိန်က တဟဲဟဲ။

ဒေါ်နန်းပိုက တပြုံး ပြုံး ။

သည့်တစ်ချက် အလိုလိုက်မှု ကြောင့် တစ်သက်ဖျက်မရသော ဒဏ်ရာအသဲတွင် စွဲလိမ့်မည် ကို သည့်အချိန်က ဒေါ်နန်းပို တစ်ယောက် မသိခဲ့ပါချေ။

စောနန်းပုလဲ စာမေးပွဲပြီးသည့်နေ့တွင် ညိုမောင်းသည် သူ့အတွက် စံအိမ်အသစ် ဖြစ်သော 'နန်းပုလဲ' ဂေဟာသို့ ရောက်ရှိလာခဲ့သည်။

စောနန်းပုလဲမှာ ဝမ်းသာလွန်းအားကြီးသဖြင့် ကလေးငယ်လေးတစ်ဦးပမာ ဝမ်းမြောက် ဝမ်းသာ ဖြစ်မှု ကို ဆွေ့ဆွေ့ခုန်ပြနေ၏ ။

နောက်တစ်နေ့မှစ၍ ညိုမောင်းကို ယဉ်ပါးအောင် ဦးဝင်းရှိန်က လေ့ကျင့်မှု မျိုး စတင် ဆောင်ရွက်ပေးလေ၏ ။

စောနန်းပုလဲမှာ အနားမှကြည့်ရင်း ပျော်မဆုံးတပြုံး ပြုံး နှင့် ။

နှစ် ပတ်ခန့် ကျင့်သားရလေသော အခါတွင် ဦးဝင်းရှိန်သည် ညိုမောင်းကြီးကို စီးကြည့်၏ ။

"သမီး စမ်းကြည့်မယ် ဖေဖေ"

"နေဦးလေ သမီး၊ သိပ်မလောနဲ့။ ဒီကောင်ကြီးက ဖြူမလောက် ယဉ်ပါးအောင် လုပ်ဖို့ မလွယ်ဘူး။ တစ်ပတ်လောက် စောင့်ပါဦး သမီးရယ်"

စောနန်းပုလဲသည် လက်ကလေးနောက်ပစ်ကာ ရပ်ရင်း နှုတ်ဆိတ်နေပေမယ့် သူ့ရင်ထဲ တွင် ညိုမောင်းကို ချက်ချင်း လက်ငင်း စီးကြည့်လိုစိတ်များ တားမရအောင် ဖြစ်ထွန်း၍ နေပေ၏ ။

"ဆရာ . . . ဆရာဦးဝင်းရှိန်၊ ကျောက်မဲက ဦးလူဝ ရောက်နေတယ်"

ဦးအိုက်ပန်းက သတင်းလာပို့သဖြင့် ဦးဝင်းရှိန်သည် မြင်းဇက်ကြိုး ကို ကိုင်တွယ်ချိတ်ဆွဲ လိုက်ပြီး ခါးပတ်ကို ဖြုတ်လိုက်သည်။

"ကဲ သမီး . . . ဦးလူဝ ဘာကိစ္စနဲ့လာတယ်မသိဘူး။ ဖေဖေသွားတွေ့လိုက်ဦးမယ်။ ဖေဖေ့ ကို မစောင့်နိုင်ရင် ဒီနေ့အဖို့တော့ ဖြူမကိုဘဲ စီးသွား"

“ဟုတ်ကဲ့ ဖေဖေ”

စောနှင်းပုလဲသည် ဖခင်၏ အမှာ စကားကို ပြုံး ပြုံး ကလေး နားထောင်ရင်း သူ့လက်ညှိုး ကလေးဖြင့် ညိုမောင်း၏ နှာကြားကလေးကို အသာပွတ်သပ်၍ နေ၏ ။

ဦးဝင်းရှိန်သည်လည်း နောက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် ပင် အိမ်ဘက်သို့ လျှောက်သွား၏ ။

♥ ♥ ♥

“ဦးလေး အိုက်ပန်း”

“ဘာလဲ နှင်းပုလဲ”

ဦးအိုက်ပန်းသည် မြင်းဇောင်းကို သန့်ရှင်းရေး လုပ်နေရာမှ အနီးတွင် ရပ်လာသော စောနှင်းပုလဲကို မော့ကြည့်လိုက်သည်။

“ဦးလူဝဆိုတာ ဘယ်သူလဲဟင်”

“ဦးလူဝဆိုတာ ညီးအဖေနဲ့ လက်ဖက်ခြောက် လုပ်ငန်းစပ်လုပ်တဲ့ လူပေါ့။ သူပိုင်တဲ့ စိုက်ခင်းတွေ နဲတာမှတ်လို့”

“ဒါဆို သူက သူဌေးပေါ့”

“အိမ်း . . . တကဲ့သူဌေးကြီးပေါ့။ ညည်းအဖေက သူ့ကုန်တွေ ကို ဖြန့်ဖြူး ရေး လုပ်ပေးနေ တာ”

“အော် . . . ဟုတ်လား၊ နှင်းပုလဲတို့ ကတော့ ဖေဖေ့လုပ်ငန်းတွေ အကြောင်း မသိပါဘူး။ တစ်ခါမှလဲ မေးမကြည့်မိခဲ့ဘူး။ ဒီလူကြီးက သဘောကောင်းရဲ့ လားဟင်”

“ကောင်းပါတယ်၊ ကောင်းလို့လဲ ငွေရေး ကြေးရေး ကိစ္စ မှန်သမျှ

ညည်းအဖေလက်ထဲ ဝ,ကွက်အပ်ထားတာပေါ့။ သူ့ကြောင့် ညည်းအဖေ ကြီးပွားလို့ ညည်းတို့ ခုလိုနေရတာ ”

“အင်း . . . ဒါကိုတော့ ဖေဖေ မကြာခဏ ပြောပါတယ်။ ဖေဖေက ကျေးဇူးမမေ့တတ်ပါ ဘူး”

“ကျေးဇူးဆိုတာ မေ့ကောင်းတဲ့အရာမှ မဟုတ်တာဘဲကွဲ့။ ညည်းအမေ နန်းပိုနဲ့ အိမ်ထောင် ကျခါစက ဘယ်လောက်ဆင်းရဲတယ် မှတ်သလဲ။ သူ့အမျိုးတွေ က နန်းပိုနဲ့ယူလို့ သူ့ကို အမွေဖြတ် လိုက်ကြတာ။ ညည်းအဖေကလဲ နန်းပိုကို ဘယ်လောက်ချစ်သလဲဆိုရင် တစ်နယ်ပြီးတစ်နယ် ပြောင်းနေရတဲ့ အကောက်ခွန်အရာရှိကလေးဘဝကနေ နုတ်ထွက်ပြီး ဦးလူဝဆီမှာ ဘဲ ကျဘန်း အလုပ်တွေ ဝင်လုပ်ခဲ့တာ။ ဒီအကြောင်းတွေ ညည်းမေမေပိုက ညည်းကို တစ်ခါတလေ ပြောမပြ ဘူးလား”

“ပြောတော့ ပြောပါတယ် . . . သိပ်တော့ မပြည့်စုံဘူးပေါ့။ နှင်းပုလဲသိချင်တာက ရန်ကုန် မှာ နေတဲ့ ဖေဖေ့နမ ဒေါ်လေးမြအကြောင်းဘဲ။ တစ်ခါမေးမိတော့ ဖေဖေ သိပ်ဒေါပွလာပြီး နှင်းပုလဲ ကို မအော်စဖူးအော်ပစ်လိုက်တယ်။ အဲဒါဘာကြောင့် လဲ မသိဘူး”

“ညည်းအဖေက သူ့နမမြမြရှိန်ကို သိပ်စိတ်နာနေတာ”

“ဟင် . . . ဦးလေးအိုက်ပန်း သူတို့ကိုလဲ သိတယ်လား”

စောနှင်းပုလဲက အံ့သြလှဟန်ရှိသည့် မျက်နှာကလေးဖြင့် ဦးအိုက်ပန်းကို ကြည့်လိုက် သည်။

“သိပါပြီကော . . . သူ့ယောက်ျား စက်ရှင်တရားသူကြီး ဦးသော် ကကိုလဲ သိတာဘဲ။ သူ့သား ဇေယျာသော် က ကိုလဲ သိတာဘဲ။ သူတို့က ခုဆို ရန်ကုန်မြို့ ပေါ်မှာ ထိပ်ထိပ်ကျဲ သူဌေး စာရင်းဝင်တွေ ပေါ့”

“အင်း . . .ဇေယျာသော် က နာမည် တော့ တစ်ခါ ကိုကိုလတ် ပြောဘူးလို့ ကြားခဲ့ဖူးပါ တယ်။ နှင်းပုလဲ သူ့ကိုတော့ တွေ့ချင်သားဘဲ”

"အောင်မယ် . . . အသာနေ မမလေး၊ ညည်းအဖေက သူ့နှမကို သေခန်းဖြတ်ထားတာ။ သူသေလဲ မသွားဘူး . . .ကိုယ်သေလဲ မလာနဲ့လို့ အပြတ်ပြောထားတာ"

စောနှင်းပုလဲသည် ဇက်ကလေး ပုဝင်၍ သွားရှာ၏ ။ သည်အခိုက်မှာ ဘဲဒေါ်နန်းလုံ မြင်းဇောင်းဆီသို့ ရောက်ရှိလာပြီး ခင်ပွန်းသည် ဦးအိုက်ပန်းကို လက်ယပ်ခေါ်လိုက်သည်။

သူတို့နှစ် ဦး တိုးတိုး တိုးတိုး စကားပြောကြ၏ ။

ခဏနေတော့ နှစ် ဦးစလုံး 'နှင်းပုလဲဂေဟာ' ဘက်သို့ လျှောက်ထွက်သွားကြသည်။

စောနှင်းပုလဲသည် ပုခုံးကို ဟန်ပါပါ တွန့်လိုက်ပြီး ထိုင်နေရာမှ ဖုတ်ဖတ်ခါကာ ထလိုက်၏ ။

သူသည် မြင်းဇောင်းဆီမှထွက်ခွာမသွားသေးဘဲ ညိုမောင်း၏ အနီးတွင် ရပ်ကာ သူ့ကို စီးကြည့်လိုစိတ် အာသာပြင်းပြစွာ ဖြင့် ကြည့်နေ၏ ။

ခြံတွင် းမှ ကားတစ်စင်း ထွက်ခွာနေသံ ကြားလိုက်ရတော့မှ သူ့စိတ်အာရုံသည် ညိုမောင်း ဆီမှ ခွာထွက်သွားနိုင်တော့သည်။

"ဖေဖေတို့ပါလား . . . ဘယ်များ သွားကြတယ် မသိဘူး။ ဦးလေးအိုက်ပန်လဲ ပါတယ်။ ဟင် . . . ဖေဖေ တစ်ယောက် မျက်နှာလဲ မကောင်းပါလား။ ဟိုလူကြီးကလဲ ဘာတွေ တတွတ်တွတ် ပြော သွားပါလိမ့်"

စောနှင်းပုလဲသည် သူနှင့် မနီးမဝေးမှ ဖြတ်သန်းထွက်ခွာသွားသော ကားကို လှမ်းကြည့်ရင်း တဒင်္ဂအတွင် း တွေ းစရာတွေ တစ်ပုံတစ်ပင်ကြီး ဖြစ်သွား၏ ။

သို့ပေမယ့် သူသည် ကားမျက်စေ့အောက်က ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် သူ၏ တဒင်္ဂအတွေ းများ သည် နောက်တဒင်္ဂအတွင် းတွင် ပျောက်ကွယ်သွား၏

ကတော့၏ ။ သူ့စိတ် အာရုံကို စွဲဆောင်နေသူက ညိုမောင်း။

သူ ညိုမောင်းဘက်သို့ မျက်နှာပြန်မူလိုက်သည်။

သူ့လက်သည် ညိုမောင်း၏ ကျောပြင်မွေးကို သာသာဖွဖွ ပွတ်သပ်နေ၏ ။

ညိုမောင်းက မရုန်းမကန်ဘဲ စားခွက်အတွင်းမှ အစာကို မြိန်ယှက်စွာ စားသောက်နေ၏ ။

စောနှင်းပုလဲ၏ မျက်နှာသည် တဖြည်းဖြည်း ပြုံးရောင် သန်းလာ၏ ။ ခဏနေတော့ သူသည် သူ့အတွေးနှင့် သူ ဆတ်ကနဲ ဦးခေါင်းကလေးကို တစ်ချက်ငြိမ့်လိုက်ပြီး ချိတ်ထားသော မြင်းကုန်းနှီး တစ်ခုကို ပြေးဖြုတ်လိုက်တော့သည်။

“စီးမယ်၊ ညိုမောင်းကို စီးကြည့်မယ်။ ဒီကောင်ကြီး ယဉ်နေပါပြီ။ ဖေဖေက အလကား တွေးပူနေတာပါ”

စောနှင်းပုလဲသည်အသံတိတ် ရေရွတ်ရင်း သွက်လက် လျင်မြန်စွာ ညိုမောင်း၏ ကိုယ်ပေါ်တွင် ကုန်းနှီးကို တပ်ဆင်လိုက်၏ ။

တိုတောင်းလှသော အချိန်တွင်းမှာ ပင် ညိုမောင်းသည် စီးကြည့်ရန် အသင့် ဖြစ်နေ၏ ။

“ကဲ . . . မေ့သားကြီး လိမ်လိမ်မာမာနဲ့ မွေးမြူရေး ခြံဘက်တစ်ပတ်လောက် ပတ်ကြည့် လိုက်ရအောင်နော်”

စောနှင်းပုလဲသည် ညိုမောင်း၏ ဦးခေါင်းကို တစ်ချက်နှစ် ချက်ပွတ်သပ်လိုက်ပြီး မြင်းပေါ် သို့ ကျင်လည်စွာ တက်လိုက်၏ ။

ညိုမောင်းကလည်း ခြေကလေးနှင့် ကိုယ်လုံးကို တစ်ချက်တို့လိုက်သည်နှင့် တစ်ပြိုင်နက် ယဉ်ပါးနေသော မြင်းတစ်ကောင်ကဲ့သို့ မြင်းဇောင်းမှ စတင်ထွက်ခွာတော့သည်။

စောနှင်းပုလဲသည် နှစ် ထောင်းအားရလှသော စိတ်ဖြင့် ညိုမောင်းကို

သွက်သွက်ကလေး နှင်အောင် ဆွပေးလိုက် ၏ ။

“ဟဲ့ . . . စောနှင်းပုလဲ၊ သမီး . . . ဟဲ့ သမီး၊ ပြန်လာခဲ့၊ အောင်မလေး ဒုက္ခပါဘဲ”

တစ်စုံ တစ်ယောက် သော သူက နောက်ဘက်မှနေ၍ အထိတ်တလန့်ဖြင့် ဟစ်အော်တားဆီး လိုက်သည်ကို စောနှင်းပုလဲသည် ကြားရပါလျက်နှင့် မကြားဟန်ပြု၍ အားရပါရကြီး ပြုံး ရယ်ကာ ရှေ့သို့ သာ ဆက်နှင်ခဲ့သည်။

“အလကား . . . မေမေပို တစ်ယောက် က အားကြီး ပိုသဲတယ်၊ ငါ့ကိုများ မြင်းမစီးတတ်တဲ့ လူ ကျနေတာဘဲ”

စောနှင်းပုလဲ၏ ခိုးခိုးခစ်ခစ် ရယ်မောသံကလေးသည် မြင်းခွာသံများ ဖြင့် ရောယှက်သွား တော့၏ ။

♥ ♥ ♥

ဒေါ်နန်းပိုသည် လှေကားပေါ်က ပြေးဆင်းလိုက် ပြန်တက်လိုက်နှင့် ခြေမကိုင်မိ လက် မကိုင်မိ ဖြစ်ကာ ဆောက်တည်ရာမရ ဖြစ်နေ၏ ။

“ဒုက္ခဘဲ . . . ဒုက္ခဘဲ၊ သူ့အဖေလဲမရှိဘူး။ ဘယ်လိုလုပ်ကြမလဲ အရီးလုံ”

“အေးဟယ် . . . ငါ ရင်ထဲ ပူလိုက်တာ။ ဒီကောင်မလေးအနားက အိုက်ပန်းထွက်သွား တာနဲ့ တစ်ပြိုင်နက် လစ်ခနဲ ထွက်သွားတာ”

ဒေါ်နန်းလုံမှာ လည်း ရင်ဝကိုလက်နှစ် ဖက်ဖြင့် ဖိကာ မရှူနိုင် မကယ်နိုင် ဖြစ်နေ၏ ။

“ကိုဝင်း မြန်မြန်ပြန်လာရင် ကောင်းမှာ ဘဲ”

ဒေါ်နန်းပိုသည် ခင်ပွန်းသည် အစောတလျင် ပြန်လာဖို့ကိုသာ အပြင်းအထန်

ဆုတောင်း နေမိတော့သည်။

နာရီဝက်အတွင် းမှာ ဘဲ သူ့ဆုတောင်းအတိုင်း ခင်ပွန်းသည် သည် ပြန်ရောက်လာ၏ ။

မျက်နှာက မကောင်း၊ သိသိသာသာကြီး ပျက်နေ၏ ။

လတ်တလော အခြေအနေတွင် ဒေါ်နန်းပိုအတွက် အရေး ကြီးနေသူက စောနှင်းပုလဲသာ ဖြစ်၏ ။ ခင်ပွန်းသည်၏ တခြားတခြားသော ပြဿ နာကို အမိကမထားနိုင်သဖြင့် အိပ်ပေါ်က အပြေးအလွှားဆင်းကာ ဆီးကြို၍ နေလိုက်သည်။

“ဟင် . . .ပိုပို ဘာ ဖြစ်လဲ”

သိသိသာသာကြီး မျက်စိမျက်နှာပျက်ကာ ပြာယာခတ်နေသော ဇနီးသည်ကိုတွေ ့လိုက်ရ လျှင် ဦးဝင်းရှိန်၏ ညှိုး ငယ်နွမ်းလျနေသော မျက်နှာလည်း ရုတ်ချည်း ပူပန်ခြင်းအသွင်သို့ ကူး ပြောင်းသွား တော့၏ ။

“သမီး နှင်းပုလဲ . . . ညို့မောင်းကို . . .”

“ဟင်”

ဇနီးသည်၏ စကားကို ဆုံးခန်းတိုင်အောင် သူနားထောင်ဖို့ မလိုတော့ပါ။ သူသည် မြင်းဇောင်းဆီသို့ မိမိ၏ အသက်အရွယ်ကို မေ့လျော့ပစ်ကာ အပြေးသွားခဲ့သည်။

သူ့နောက်က ဦးအိုက်ပန်းလည်း ထပ်ချပ်မကွာပါသည်။

“ဆရာ နေ . . .နေ . . .ကျုပ်လိုက်သွားမယ်”

“မ ဖြစ်ဘူး၊ ခင်ဗျားလိုက်လို့ မ ဖြစ်ဘူး။ ဖြူမကိုသာ ကုန်းနှီးမြန်မြန်တပ်စမ်းပါ”

ဗူးဆို ဖရုံမသီးတတ်သော ဦးဝင်းရှိန်၏ သဘောမနောကို သိထားသော ဦးအိုက်ပန်းသည် နောက်ထပ်စကားအတွန့်မတက်ဝံ့တော့ဘဲ ဖြူမကို အသင့်စီးနိုင်အောင် ဦးဝင်းရှိန်နှင့် အတူပင် တပ်ဆင်လိုက်၏ ။

ဦးဝင်းရှိန်လည်း ဖြူမပေါ်သို့ ခုန်တက်လိုက်ပြီး သမီးငယ် စောနှင်းပုလဲ သွားတတ်လေ့ရှိ သော နေရာဘက်သို့ ဒုန်းစိုင်း၍ နှင်ခဲ့တော့သည်။

"သမီး သိပ်မိုက်တဲ့သမီး၊ တစ်စုံတစ်ခုများ ဖြစ်သွားရင်တော့လား . . . ဖေဖေ ရင်ကျိုးရမှာ ဘဲ"

ဦးခေါင်းတွင် ထူပူနေသော ခံစားရချက်ကို ရုတ်ကနဲ ရင်ဘတ်မှ အောင့်သက်လာသော ဝေဒနာတစ်ခုက ဖုံးလွှမ်းလိုက်သည်။

"အား . . . ရင်ဘတ်ထဲက အောင့်လိုက်တာ"

တဒင်္ဂအတွင်း း သတိလက်လွှတ် ဖြစ်ကာ လက်နှစ် ဖက်သည် ရင်ဘတ်ဆီကို ဖိနှိပ်ယှက်တင် သွားတော့၏ ။

ဖြူမက သခင်၏ ဝေဒနာကို မသိ။ ခရီးပြင်းသွားလိုသဖြင့် သူ့အား ကန်ညှပ်ထားသော ဦးဝင်းရှိန်၏ ခြေဒဏ်ကိုသာ ခံစားနေရသဖြင့် တသမတ်ထဲသာ ဒုံးစိုင်းနေသည်။

အထိန်းအကိုင်မရှိတော့သော ဦးဝင်းရှိန်မှာ ဖြူမကိုယ်ပေါ်မှ ခါချခြင်းခံလိုက်သကဲ့သို့ မြေသို့ အရှိန်ပြင်းစွာ ဖြင့် ကျရောက်ရိုက်ခတ်သွားတော့သည်။

"ဘုရား"

ဦးဝင်းရှိန်သည် ဘုရားကိုသာ တခွန်းတည်း တ,လိုက်နိုင်ရှာ၏ ။ ထိုနောက်ပိုင်းတွင် သူ၏ ခန္ဓာကိုယ်သည် ဖွဲ့အိတ်တအိတ်အလား ဖြစ်သွားတော့သည်။

ဖြူမသည် ခရီးအတန်ငယ်ဝေးခါမှ သူ့ကျောပေါ်တွင် သခင်မပါလာခဲ့သည်ကို သိရှိကာ တုန့်ကနဲ ရပ်တန့်သွားပြီး . . . နောက်ဘက်ကို နားရွက်နားဖက်ကို ကားကနဲ ထောင်ကာ စွင့်သည်။ ပြီးမှတစ်ဖန် နောက်ကြောင်းဆီသို့ မနေးအမြန် ပြန်ထွက်လာ၏ ။

မကြာမီ သူသည် လာလမ်းအတိုင်း တစ်ခုသော နေရာတွင် မနိုးသော အိပ်စက်ခြင်းဖြင့် အိပ်ပျော်နေပြီ ဖြစ်သော သခင်ကို တွေ့ရှိလိုက်သည်။

သူသည် သခင်၏ ကိုယ်ကို သုံးလေးကြိမ်မျှ နှုတ်သီးဖြင့် ထိုး၍ လှုပ်ကြည့်၏ ။ ပြီးမှ သုံးလေး ခါ ဟီမြည် လိုက်ပြီး နှင်းပုလဲဂေဟာဘက်သို့ ဒုန်းစိုင်းပြေးလွှားသွားသည်။

ဖြူမတစ်ကိုယ်တည်း ဖုံတသော သော ထအောင် ပြေးလွှားလာသည်ကိုတွေ့လိုက်ရလျှင် ဦးအိုက်ပန်းသည် ကွက်ကနဲ မျက်နှာပျက်သွား၏ ။

သူသည် ဒြဝမှနေ၍ မြင်းဇက်ကြိုး ကို ဖမ်းသတ်လိုက်ပြီး ဒေါ်နန်းပိုတို့အိမ်အပြင်ဘက်သို့ မရောက်မီ မြင်းပေါ်သို့ တက်လိုက်သည်။

"အင်း . ..ဆရာတော့ အကုသိုလ်တွေ အစုအပြုံလိုက် ဝင်ရှာပြီထင်တယ်"

ယင်းသို့ မှတ်ချက်ချရင်း ဖြူမကို ခြေဖြင့် အသာခတ်လိုက်သည်။

ဖြူမသည် ဖြောင့်ဖြောင့်တန်းတန်းပင် ကုန်းမြေမြင့်ကလေးတစ်ခုအလယ်၌ လဲလျောင်း ငြိမ်သက်နေသော သခင့်ထံ ဦးအိုက်ပန်းကို အရောက်ပို့ဆောင်ပေးလာ၏ ။

"ဟင် . . .ဆရာ . . .ဆရာ ဦးဝင်းရှိန်"

ဦးအိုက်ပန်းသည် မြင်းပေါ်က ကတိုက်ကရိုက်ခုန်ဆင်းလိုက်ပြီး ဦးဝင်းရှိန်ကို ပြေးပွေ့လိုက်သည်။

ဖုံများ ပေါ်တွင် ဦးဝင်းရှိန်၏ ဦးဆက်မှ သွေးတို့သည် ယိုစိမ့်ထွက်နေသည်ကို တွေ့လိုက် ရ၏ ။

" ဖြစ်ရလေ ဆရာရယ် . . . ကျွန်တော် ဆရာ့ကို ဒီအ ဖြစ်မျိုးနဲ့ မမြင်ရက်ပါဘူး"

တစ်သက်လုံး သူ့အပေါ်ကောင်းခဲ့သော ဆရာ တစ်ယောက် ဆုံးရှုံးရခြင်းအတွက် ဦးအိုက် ပန်းသည် ဝမ်းနည်းကြေကွဲစိတ်ကို ထိန်းသိမ်းတားဆီး၍ မရနိုင်ကာ ယောက်ျားကြီးတန်မဲ့ ဦးဝင်းရှိန်၏ သွေးထွေးဆဲရှိသော ခန္ဓာကိုယ်ကြီးကို တင်းကြပ်စွာ ဖက်၍ အတန်ကြာအောင် ငိုနေ လိုက်မိသည်။

"ပိုပိုတော့ ရင်ကွဲရှာတော့မှာ ဘဲ"

ဦးအိုက်ပန်းသည် စီးစိမ့်ယိုထွက်လာသော နာရည်ကိုညှစ်၍ သုတ်သင်ပြီး မျက်ရည်စက် လက်ဖြင့် ဦးဝင်းရှိန်၏ ခန္ဓာကိုယ်ကို ပွေ့ယူလိုက်သည်။

"ဖြူမရေ . . .မင်းသခင်ကို အိမ်ခေါ်သွားကြရအောင်ကွယ်"

ဦးအိုက်ပန်း၏ အသံသည် တုန်ရီအက်ကွဲ၍ နေ၏ ။

♥ ♥ ♥

ချစ်သော ခင်ပွန်းသည် တစ်ယောက် ခန္ဓာစဲရခြင်း၏ တရားခံသည် သူတို့နှစ်ဦးချစ်၍ လူ့လောကတွင် ဆွဲသွင်းလာသော သမီးငယ် စောနှင်းပုလဲကြောင့် သာဟု ဒေါ်နန်းပိုသည် တွေးယူ ကာ သူကလေးကို ခါးခါးသီးသီး နာကျည်းသွားမိတော့သည်။

သွားလေသူအတွက် ဖြေဆည်၍ မရနိုင်လေတိုင်း သူကလေးကိုသာ အပြစ်မြင်နေ၏ ။

သို့သော် သည်နေ့၊ သည်ရက်၊ သည်အချိန်ကျပြန်တော့ သူ့ရင်တွင် လောင်ကျွမ်းနေသော အပူမီးသည် သမီးငယ်စောနှင်းပုလဲအတွက်သာတည်း။

"သမီးလေး၊ သမီးလေးများ တစ်ခုခု ဖြစ်သွားရင်တော့လား ငါရှူးမှာ သေချာတယ်"

"တစ်မျှင်သော သံယောဇဉ်ကြိုး တစ်ချောင်း တင်းပြန်လေသော ကြောင့် ပူပင်သော ကစိတ် များ သည် သူ့အား ဒိုးလိုမွှေ ရေလိုနှောက်၍ နေတော့ပြီ။

♥ ♥ ♥

၄။

စောနှင်းပုလဲသည် သူ့ခြံဝင်းအတွင်း သို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် အိမ်ပေါ်မှ ငိုကြီး ချက်မဖြင့် ပြေးဆင်းလာသော မိခင်ကို တွေ့လိုက်ရ၏ ။

သူသည် တွေ ကနဲ ဖြစ်သွားပြီး မြင်းပေါ်က ဆင်းလိုက်သည်။

သူ့မျက်လုံးများ က မိခင်၏ ထံသို့သာ စူးစိုက်ကြည့်နေ၏ ။

ဒေါ်နန်းပိုသည် မလှုပ်မယှက် သူ့အား တွေ ဝေကြည့်နေသော သမီးငယ်ထံသို့ လေအလျင် ကဲ့သို့ ရောက်ရှိလာပြီး လွတ်ပြေးသွားမည် ကိုစိုးသကဲ့သို့ ဖက်တွယ်ထားလိုက်ပါသည်။

"သမီးလေး . . . သမီးဘယ်ကို ထွက်သွားတာလဲကွယ်"

စောနှင်းပုလဲ၏ စိတ်အာရုံကို ဝမ်းနည်းစိတ်များ က ထွေးပိုက်သွားတော့သည်။ သူသည် မိခင်၏ ရင်ခွင်တွင် မျက်နှာကို ဝှက်ကာ တင်းကြပ်စွာ ပြန်လည်ဖက်တွယ်ရင်း သားအမိ နှစ် ယောက် လွမ်းဇာတ်ခင်းမိလိုက်ကြပါသည်။

"သမီး . . .သမီး"

"မေမေ . . မေမေပို"

"အော် . . . လက်စသပ်တော့ မရွှေချောကလေးက အိမ်တောင်ပြန်ရောက်နေမှကိုး။ ဟူး . . . လူကို သေချင်စော်နံသွားတာဘဲ"

သားအမိနှစ် ယောက် သည် ဦးအိုက်ပန်၏ အသံကိုကြားလိုက်တော့မှ ပတ်ဝန်းကျင်ကို သတိရမိလာကြ၏ ။

"နန်းပို၊ နှင်းပုလဲ လာ . . .လာ အိမ်ပေါ်တက်ကြရအောင်"

ဒေါ်နန်းလုံက သားအမိနှစ် ယောက် ကို လက်တစ်ဖက်စီဆွဲ၍ အိပ်ပေါ်ဆွဲတင်သွားသကဲ့သို့ပင် ဦးအိုက်ပန်းလည်း ဖြူမနှင့် ညိုမောင်းကို ဇက်ကြိုး တစ်ဖက်စီဆွဲ၍ မြင်းဇောင်းထဲသို့ ခေါ်ဆောင် သွားခဲ့လေသည်။

♥♥♥

"ခက်တဲ့ကလေးမ ဘာ ဖြစ်လို့ ညိုမောင်းကို ထုတ်စီးသွားရတာ လဲ"

"အို . . . နှင်းပုလဲ စိတ်ညစ်လို့ပေါ့။ သေသွားလဲ အေးတာဘဲအရီးလုံ၊ မေမေကမှ နှင်းပုလဲ ကို မကြည်ဖြူနိုင်တော့တာ"

"အို . .. သမီးလေးရယ်၊ မေမေ့ကို ဒီလိုမပြောပါနဲ့၊ တကယ်တော့ မေမေ့သမီးကို မေမေ မမုန်းပါဘူးကွယ်။ ကိုဝင်းကြောင့် အခိုက်အတန့် နာကျည်းသွားမိတာပါ"

"ဟုတ်ပါတယ် မေမေပိုရယ် . .. သမီးမိုက်သာ အဲဒီ နေ့က ညိုမောင်းကို ထုတ်စီးမသွား ရင် ဖေဖေလဲ သေချင်မှ သေမှာ ။ အဓိကတရားခံ ကတော့ သမီးပါဘဲ"

"အဓိကတရားခံက ညည်းမဟုတ်ပါဘူး။ သူ့ရဲ့ ကံဇာတာပါ။ ညည်းက တိုက်ဆိုင်သွားတဲ့ အကြောင်းတစ်ခုဘဲ။ ဒါကို ညည်းမေမေ ဒီနေ့တော့ ကောင်းကောင်းသဘောပေါက် သွားပါပြီ။ ဒီတော့ ရှေ့လျှောက် ညည်းတို့သားအမိတစ်တွေ ခါတိုင်းထက် ပိုပြီး စည်းစည်းလုံးလုံးနဲ့ ချစ်ချစ် ခင်ခင် နေရမှာ ပေါ့"

သားအမိနှစ် ယောက် ပြန်ပေါင်းထုတ်နေချိန်တွင် ခြံဝင်းအတွင် းသို့ ကားတစ်စီး ရောက်လာ၏ ။

ဆင်ဝင်အောက်တါင် ရပ်တံ့သွားပြီး ကားပေါ်မှ ကိုကိုကြီး ကိုကိုလတ်နှင့် ကျောက်မဲမှ စိုက်ခင်းရှင် ဦးလူဝတို့ဆင်းလာကြ၏ ။

သားနှစ် ယောက် စလုံးမျက်နှာမကောင်းလှသဖြင့် ဒေါ်နန်းပိုသည် ရတ်ချည်း

စိတ်အားငယ် သွားမိသည်။

“ထိုင်ပါ ဦးလှဝ ထိုင်ပါရှင့်”

“အင်း . . .ကျုပ်လဲ မောင်ဝင်းရှိန် ရုတ်တရက် ကွယ်လွန်သွားရှာတဲ့အတွက် အတော့်ကို စိတ်မကောင်းဘူး။ ခင်ဗျားတို့ မိသားစုနဲ့ထပ်တူထပ်မျှ ဝမ်းနည်းကြောင်း ပြောပါရစေ”

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်”

ဒေါ်နန်းပိုသည် ဦးလှဝနှင့် မျက်နှာချင်းဆိုင် ခုံတွင် ယို့ယို့ကလေးထိုင်ရင်း ခြေငံစွာ ကျေးဇူး တင်စကား ပြောလိုက်သည်။

“အေးဗျာ၊ စိတ်မကောင်းတာလဲ မကောင်းတာ တစ်ကဏ္ဍပေါ့။ အလုပ်ကိုလဲ လုပ်ငန်း သဘောပြောရမှာ ဘဲ။ ကိစ္စကရှိနေတော့ ပြောရဦးမယ်မှာ ဘဲ ဒီလိုပါ . . . ခုဆိုရင် ဒေါ်နန်းပိုလဲ ခင်ဗျားယောက်ျားလုပ်ခဲ့တဲ့ လုပ်ငန်းသဘောတွေ ကို နားလည်ထားပြီး ဖြစ်မယ်လို့ ကျုပ် ယုံကြည် တယ် . . .ဒီတော့”

“ကျ . . .ကျမ ပြောပါရစေဦး ဦးရယ်။ ကိုဝင်း ကတော့ သားမယားအပေါ်ရော တစ်မိမ်း အပေါ်ပါ ဘယ်လိုမှ သစ္စာမဖောက်ဖျက်တတ်တဲ့လူပါရှင်။ ကျွန်မပြောတာကို ယုံပါဦးရဲ့ ။ လုပ်ငန်း ခွင်ကငွေတွေ ကို သူအလွဲသုံးစားလုပ်တယ် ဆိုတာတော့ ဘယ်နည်းနဲ့မှ . . .”

ဦးလှဝက ဒေါ်နန်းပိုစကားကို ဆုံးအောင်မှ နားမထောင်ဘဲ ဦးခေါင်းကို သွက်သွက်ကြီး ရမ်းခါပြလိုက်သည်။

“ဒီမှာ ဒေါ်နန်းပို၊ ဖေသက်က သူ့ရှေ့မှာ တင် သူတို့ဝေစားမျှစား လုပ်ပါတယ်လို့ ကျုပ်ကို ပြောတာ။ ခင်ဗျားတို့ ဒီနေ့ ဒီရက်မှာ ဒီလိုအဆင့်မြင့်မြင့်နေနိုင်တာဟာ ကျုပ်ဆီက ရသင့်ရထိုက် တာထက် ပိုပြီးယူလို့ပေါ့”

“အို . . .မဟုတ်ဘူး။ မဟုတ်ဘူး။ ကျွန်မတို့ ခြစ်ခြစ်ကုတ်ကုတ်နဲ့

ချွေချွေတာတာနေခဲ့လို့ တင့်တယ်အောင် နေနိုင်တာရှင့်၊ ရှင်ဒီလို မတရားမပြောပါနဲ့”

ဒေါ်နန်းပိုသည် ဒေါပါ ဟန်ပါဖြင့် ဦးလူဝကို စိမ်းစိမ်းစူးစူးကြည့်ရင်း ပြန်ပက်လိုက်သည်။

“ဟုတ်တယ်၊ ခင်ဗျားကြီး မတရားမပြောနဲ့၊ အေး . . . ခု ကျုပ်တို့ အဖေကလဲ စကားပြန် မပြောနိုင်တဲ့ သေလမ်းသွားရှာပြီဆိုတော့ ခင်ဗျားတို့ပြောသမျှ ဖြစ်နေတာပေ့ါလေ။ ခင်ဗျား မကျေနပ်ရင် အိမ်သိမ်းမလား။ ရှိသမျှစည်းစိမ်သိမ်းသွားမလား ကြိုက်တာပြော။ ပေးမယ်။ သေသွားတဲ့ ကျုပ်တို့အဖေသိက္ခာကို ထိခိုက်မဲ့စကားနောက်ထပ်မပြောပါနဲ့”

ဆက်လက်၍ သည်းခံမနေနိုင်တော့ဟန်ဖြင့် သားကြီး ကိုကိုကြီးသည် ဝုန်းကနဲထရပ်ကာ ဦးလူဝကို သတ်တော့ပုတ်တော့မည် ကဲ့သို့ ကြည့်ရင်း ရှူး ရှူး ရှားရှား ဝင်ပြောလာတော့၏ ။

“အော် . . . ဟင်း .. . ဟင်း . . . ဟင်း . . . ငါ့ဆန်စားပြီး မင်းတို့ လူလားမြောက်လာတာ ပါ ကိုကိုကြီးရာ။ ငါ့ကို စကားပြောမယ်ကြံရင် မင်းတို့စားပြီးတဲ့ ထမင်းလုပ်တွေ ကို ပြေးပြေးပြီး သတိရလိုက်စမ်းပါ”

“ဒုံး ဒိုင်း”

ကိုကိုကြီးသည် ဦးလူဝ၏ ရှေ့မှစားပွဲကို ဒေါသတကြီးထကန်ပစ်လိုက်သည်။

“ဟဲ့သား . .. သားကြီး သွားသွား မင်းတို့အားလုံး ဒီအခန်းထဲက ထွက်သွားကြ။ မင်တို့ ဖေဖေမရှိရင် သူ့ကိစ္စအားလုံးကို ဖြေရှင်းရမယ့်လူက မေမေဘဲ။ မင်းတို့တစ်နေရာ သွားနေကြစမ်း။ သွား . . . သားငယ် နှင်းပုလဲ ကိုကိုကြီးကို ခေါ်သွား”

မိခင်၏ စကားအဆုံးတွင် သားသမီးသုံးဦးသည် မကျေမနပ်နှင့် ပင် အခန်းတွင်းမှ ထွက်ခွာ သွားကြ၏ ။

“လူပါးဝလိုက်တာ . . . ဒီဘဲကြီးက ဘာကောင်ကြီးလဲ”

စောနှင်းပုလဲက နောက်သို့ လှည့်ကြည့်လှည့်ကြည့်နှင့် ပြော၏ ။

‘အလကားပါ ဖေဖေ့အတွက် ကရုဏာကြေးတွေ ဘာတွေ ပေးရမှာ စိုးလို့ ဒီကောင်ကြီးက အပိုင်ကဲ့နေတာ”

“ဒါကို ကိုကိုသိပါတယ် ကိုလတ်ရာ။ ဒီငနဲကြီးက ‘နှင်းပုလဲဂေဟာ’ကိုလဲ သိပ်မျက်စေ့ ကျနေတာကွ။ သူအပိုင်ဆွဲချင်လို့ ကြံကြံနေတာကို ဒီကကောင်တွေ မသိဘူးမှတ်နေတယ်”

“ရလိမ့်မယ် အားကြီးကြီး။ ဒီအိမ်ကြီးပေါ် ကတော့ နှင်းပုလဲတို့ ဘယ်တော့မှ မဆင်းရေး ချမဆင်းဘဲရှင်ရေ။ တတ်နိုင်လို့ အုပ်နဲ့ဆွဲချလဲ ဆောရီးဘဲ”

“ညီမလေးက ဒီအကြောင်းတွေ မသိသေးပါဘူး”

“ဒီလို ညီမလေးရဲ့ ။ ဖေဖေက လုပ်ငန်းထဲက ငွေတွေ ကို အလွဲသုံးစား သုံးပြစ်တယ်ဆိုပြီး ဦးလူဝက ပြီးခဲ့တဲ့ အပတ်က လိုက်လာတာ”

“အော် . .. ဒါကြောင့် ဦးလူဝနဲ့ လိုက်သွားပုံက ဖေဖေမျက်နှာပျက်နေတာကိုး”

စောနှင်းပုလဲသည် ဖခင်၏ မျက်နှာကို ကွက်ကနဲ ပြေး၍ မြင်ယောင်မိကာ မှတ်ချက်ချလိုက် ၏ ။

“ဖေဖေမျက်နှာပျက်တာမြင်လိုက်ရလို့ ဖေဖေအလွဲသုံးစားလုပ်တယ်လို့ မထင်နဲ့ ညီမလေး။ ဖေဖေက သိပ်ရိုးတာ၊ ဘယ်တော့မှ သူများ ကို မတရားမလုပ်တတ်ဘူး။ ဖေဖေလက်ထောက် ဦးဖေ သက်ကြီးက တကယ်လူလည်ကြီးမှ လူလည်ကြီးဘဲ။ လောင်းကစားဆိုလဲ လာခဲ့။ အသောက် အစားဆိုလဲ လာခဲ့။ ဒီငနဲကြီးက ဖေဖေ့ကို လူယုံသတ်သွားတာဘဲ ဖြစ်မယ်။ သူက မျက်နှာ သိပ် ပြောင်တာ။ မျက်နှာစုံညီရှင်းတော့ ဖေဖေဘဲ ဖြောင်တာလို့ ဋှတ်ညင်းတယ်။ ဒီပြဿ  နာကို ရှင်းတုန်းမှာ ဘဲ ဖေဖေ ဆုံးသွားရာတယ်မဟုတ်လား”

စောနှင်းပုလဲသည် အစ်ကိုကြီး ဖြစ်သူ၏ စကားကို တွေ ၍ နားထောင်နေရာမှ မျက်နှာကို လက်ဝါးနှစ် ဖက်ဖြင့် အုပ်၍ ရတ်တရက် သီးသီးထန်ထန် ငိုချလိုက်သည်။

“ဖေဖေ ဖေဖေ သနားလိုက်တာ။ သမီးကြောင့် သာ ဖေဖေမသေခဲ့ရင် ဖေဖေ့ဘဝမှာ အမည်း စက်ထင်လာတဲ့ အကြောင်းကို ပယ်ဖျက်ပစ်နိုင်မှာ ဘဲ ခုတော့ ခုတော့”

ညီအစ်ကိုနှစ် ယောက် သည် တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်လိုက်ပြီး ညီမလေး အနီးသို့ တိုးကပ်လာကြပြီး . ..

“ဒီလိုလဲမတွေ းနဲ့ ညီမလေး၊ ဖေဖေမှာ ဒီနေ့ ဒီရက်သေရမယ့် ကံဇာတာပါလို့ သေတာဘဲ ဖြစ်မှာ ပါ။ ဒီအလွဲသုံးစားမှု ဆိုတာ ကတော့ တစ်နေ့ ဖြေရှင်းသွားမှာ ပါ။ အဖြေမှန်ပေါ်လာမှာ ဘဲ။ တရားကို နတ်စောင့်ပါတယ်ကွာ။ ဒို့များ အဖေက သူတော် ကောင်းကြီးပါ။ တိတ်၊ တိတ်၊ မေမေပို တွေ ့သွားရင် ပိုစိတ်မကောင်း ဖြစ်နေမယ်။ ကိုကိုလတ်နဲ့ကိုကိုကြီးလဲ အစ ကတော့ ညီမလေးကို အပြစ်ဖို့ပြီး စိတ်နာနေမိကြတယ်။ မနေ့က ဘုန်းဘုန်းနဲ့ ဘုရားဝင်းမှာ တွေ ့တော့ တရားတွေ ချလိုက် လို့ စိတ်ပြေသွားကြပါပြီ။ တိတ်ပါကွယ်။ ညီမလေးက လိမ္မာပါတယ်”

ကိုကိုကြီးက သိမ့်သိမ့်ခါအောင် လှုပ်ရှားနေသော ညီမငယ်၏ ကိုယ်ကလေးကို အသာပွေ့ ဖက်ထားလိုက်သည်။

♥ ♥ ♥

၅။

လက်ဖက်ခြံရှင် ဦးလူဝကား “နှင်းပုလဲဂေဟာ”ခြံဝင်းအတွင် းမှ ပြန်လည်ထွက်ခွာသွား လေပြီ။

အိမ်နောက်ဖေးခန်းထဲတွင် စုရုန်းနေသော မောင်နှမသုံးဦးသည် အ ဖြစ်အပျက် အလုံးစုံကို သိလိုလှသဖြင့် ကားထွက်သွားသည်နှင့် တစ်ပြိုင်နက် အိမ်ရှေ့ရှိ ဧည့်ခန်းဆီသို့ ရုတ်တရက် ရောက်ရှိလာကြသည်။

ဒေါ်နန်းပိုသည် ငိုရှိုက်နေရာမှ သားသမီးများ ဝင်လာသည်ကို သတိပြု မိလိုက်သည်နှင့် တစ်ပြိုင်နက် မျက်နှာပေါ်မှ မျက်ရည်စများ ကို ကဗျာကသီသိမ်းလိုက်ပြီး မျက်နှာထားတင်း၍ မော့ထားလိုက်သည်။

သားသမီးသုံးဦးသည် တစ်ဦးမျက်နှာတစ်ဦးကြည့်လိုက်ပြီးပြီး မိခင်၏ အနီးသို့ တိုးကပ်လာ ခဲ့ကြသည်။

စောနွင်းပုလဲကလဲ သူ့ဝသီအတိုင်း မိခင်၏ ရင်တွင် ဦးခေါင်းကလေးကိုအပ်ထားလိုက်၏ ။

ကိုကိုကြီးက မိခင်ထိုင်နေသော ကုလားထိုင် လက်ရမ်းတွင် အသာဝင်ထိုင်လိုက်သည်။

ကိုကိုလတ် ကတော့ မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်နေသည်။

ကိုကိုကြီးက သိလိုသည့်အကြောင်းကို အောင့်အီးမထားနိုင်လေဟန်ဖြင့် စကားစလိုက် ပါသည်။

"ဘာတွေ ပြောသွားသလဲ မေမေပို"

"ဟင်း . . ."

ဒေါ်နန်းပိုသည် သားကြီး၏ မေးခွန်းကို ရုတ်ချည်းမဖြေသေးဘဲ ပင့်ရှိုက်ထားသော သက်မ ကို ချလိုက်သည်။

"မေမေပို နှင်းပုလဲအိမ်ကြီးကိုတော့ သူ့ကိုဝကွက်ပြီး မအပ်လိုက်ပါနဲ့နော် မေမေပိုနော်လို့"

ဒေါ်နန်းပိုသည် သမီးငယ်၏ မျက်နှာကို ငုံ့ကြည့်ရင်း ရင်ထဲဆို့နစ်၍ နေမိရှာ၏ ။

"အင်း၊ ခက်ပါတယ် သမီးတို့ရယ်၊ တတ်နိုင်ရင် နှင်းပုလဲဂေဟာကို မေမေပိုဘာမှ မလုပ်ချင် ပါဘူး။ ဒါပေမဲ့ ခုတော့ သမီးတို့ ဖေဖေလဲ ကျောထောက်နောက်ခံ မရှိတော့ဘူးဆိုတော့ မေမေ အနေနှင့် ဒီအိမ်ကြီးကို တသသနဲ့ အရိပ်ကြည့်နေလို့ မ

ဖြစ်တော့ပါဘူးကွယ်။ ခုအတိုင်းဆိုရင် ဦးလူဝဆီက ငွေရေး ကြေးရေး ခံစားခွင့် မရနိုင်တော့တဲ့အပြင် သူတောင်းနေတဲ့ ကြွေးမြီတွေ ကိုပါ ဆပ်ရတော့မလို ဖြစ်နေပြီ”

“ဖြေးဖြေးဆပ်မယ်လို့ ပြောပေ့ါ။ မေမေ သားတို့ဗိုလ်သင်တန်းတက်ဖို့ ရွေးချယ်ပွဲစာရင်းလဲ နောက်အပတ်ဆို ထွက်တော့မှာ ဘဲ သားရမှာ သေချာတယ်”

ဒေါ်နန်းပိုသည် သားကြီးမျက်နှာကို ခပ်ထွေထွေကလေးကြည့်နေ၏ ။

“ဟုတ်တယ် မေမေပို၊ သားလတ်လဲ မရင်းအင်ဂျင်နီယာတက်ဖို့ လကုန်ရင် ရန်ကုန်ဆင်း တော့မှာ ဘဲ။ နောက်ဆိုရင် နိုင်ငံခြားသင်္ဘောလိုက်ရလို့ ဒီထက်တောင် ချောင်ချောင်လည်လည် နေနိုင်ဦးမယ်”

ဒေါ်နန်းပိုသည် သားလတ်၏ မျက်နှာကို ငေးစိုက်ကြည့်နေပြန်သည်။

“သမီးလဲ စာမေးပွဲအောင်ရင် ဒီသုံးခုလောက်ဘဲ ရရ ကောလိပ်မတက်ချင်တော့ပါဘူး။ ရရာ အလုပ်ဝင်လုပ်တော့မယ်။ မေမေ ဘာမှမပူနဲ့သိလား”

ဒေါ်နန်းပိုသည် ရစ်ဝဲလာသော မျက်ရည်များ ကို မျက်တောင်ပုတ်ခတ်ရင်းဖြင့် သမီးငယ်၏ ဦးခေါင်းကို ပွတ်သပ်နေ၏ ။

“အင်း . . . သားတို့ သမီးတို့ လိမ္မာကြပါတယ်ကွယ်။ ကိုကိုကြီးနဲ့ ကိုကိုလတ်တို့ အစီအစဉ် တွေ ကိုတော့ သားတို့သဘောအတိုင်း ဆက်လုပ် ကြပါ။ သမီးငယ် ကတော့ သမီးဖေဖေရဲ့ ဆန္ဒ အတိုင်းမှန်းထားသလို ဒီတွေ ထွက်လာရင် ကောလိပ်ဆက်တက်ပါကွယ်။ မေမေပို သမီးကို ဆရာ ဝန်မကြီး ဖြစ်တာ သိပ်မြင်လိုပါတယ်”

“ဟုတ်တယ် . . . ဟုတ်တယ်။ ညီမလေး ကတော့ ကျောင်းဘဲဆက်နေ၊ နောက်ဆို ကိုကိုလတ်တို့လဲ ဝိုင်းထောက်နိုင်မှာ ပါဘဲ”

စောနှင်းပုလဲက စောဒကမတက်ဘဲ ငြိမ်နေလိုက်သည်။

♥ ♥ ♥

၆။

စောခွန်နောင်ဆိုသူက မက်မန်းဖြံ့ပိုင်ရှင် လူပျိုကြီး ဖြစ်၏ ။

တစ်ချိန်ကဆိုလျှင် သူသည် နန်းပိုကို အသေအလဲ ပိုးပမ်းကြသူများ ထဲတွင် ထိပ်တန်းက ပါဝင်ခဲ့သူ ဖြစ်ပေ၏ ။

သူက "နှင်းပုလဲဂေဟာ"နှင့် တစ်ခြံကျော်တွင် နေထိုင်နေသူ ဖြစ်သည်။

ဦးခွန်နောင်သည် နန်းပို တစ်ယောက် ရန်ကုန်သား ဝင်းရှိန်နှင့် အမေကျော်ဒွေးတော် လွှမ်းကာ ညားသွားကြသည့်တိုင် သံယောဇဉ်မပြတ်နိုင်။ စိတ်မကုန်ခမ်းနိုင်သေးဘဲ ရှိနေ၏ ။

သူသည် ဦးဝင်းရှိန်ကွယ်လွန်သည့်နေ့မှစ၍ နှင်းပုလဲဂေဟာသို့ တစ်ညမပြတ် ရောက်လာ လျက်ရှိသည်ကို စောနှင်းပုလဲသည် သတိပြုထားမိနေ၏ ။

စောနှင်းပုလဲက သူ့ကို မနှစ် မြို့ မိပါ။

တစ်ခါတစ်ရံ သူတို့သားအမိနှင့် လမ်းတွင် ကြုံမိဆုံမိခဲ့လျှင် စောခွန်နောင်သည် သူ့မိခင်ကို အရည်ရွှမ်းသော မျက်လုံးကြီးများ ဖြင့် ကြည့်ကာ စကားကြောကို ရှည်အောင် အကြောင်းမရှိ အကြောင်းရှာ၍ ပြောတတ်ပေ၏ ။

ထိုအခါ စောနှင်းပုလဲက သူ့ဖေဖေကိုစား မနာလို ဖြစ်ကာ စောခွန်နောင်အား မျက်စောင်း ကြီးများ ခဲပစ်လိုက်တတ်သည်။

စောခွန်နောင် ကတော့ ယင်းသို့ စောနှင်းပုလဲက မျက်စောင်းခဲလျှင် သူ၏ ကွမ်းချေးတက်၍ မဲညစ်နေသော သွားကြီးများ ပေါ်အောင် တဟဲဟဲရယ်သွမ်းသွေးနေတတ်ပေ၏ ။

သည်ကနေ့ သမီးနှင့်အမေ ပြန်ပေါင်းထုတ်ကြပြီမို့ စောခွန်နောင်လာလျှင်

အပြတ်တွယ်ရန် စောနှင်းပုလဲသည် အသင့်စောင့်နေပေ၏ ။

ကြိုတင်စီစဉ်ချက်များ ကို မသိရှာသော စောခွန်နောင်ခမြာမှာ ခုနစ်နာရီထိုးသည်နှင့် တစ်ပြိုင်နက် နှင်းပုလဲဂေဟာ၏ ဆင်ဝင်အောက်ဆီသို့ အရောက်လှမ်းခဲ့ပေ၏ ။

စောနှင်းပုလဲသည် သံဆွဲတံခါးရှေ့တွင် တံခါးအဖွင့်ကို အသင့်ရပ်စောင့်နေသော ဦးစောခွန် နောင်၏ ကျောပြင်ကြီးဆီသို့ အသေအချာချိန်၍ လောက်လေးဂွကို တအားဆွဲလိုက်သည်။

အရှိန်ပြင်းထန်လှသော လောက်စာလုံးသည် ဦးခွန်နောင်၏ ဘရိုင်နိုင်လွန်ဝတ်ဆင်ထား သော ကျောပြင်ကြီးကို ဖောက်ကနဲထိမှန်မိတ်ဆက်သွား၏ ။

"အား"

စောခွန်နောင်သည် အလန့်တကြား နာနာကျည်းကျည်း အော်ခိုက် ဒေါ်နန်းပိုကလည်း တံခါးဖွင့်ခိုက်နှင့် ကြုံကြိုက်သွား၏ ။

"ဟင် . . .ဘာ ဖြစ်လို့လဲ ကိုစောခွန်နောင်"

ဦးစောခွန်နောင်သည် မချိသွားဖြဲကြီးနှင့် တဟီးဟီးရယ်၍ ပုန်းကွယ်ဖို့ ကြိုးစားလိုက်သည်။

"အာ . .ဟီး . . . ဘာမှ မ ဖြစ်ပါဘူး"

ဒေါ်နန်းပိုသည် မျက်မှောင်ကလေး ကုတ်ကာ ထေက်ကနဲ သံမံတလင်းပေါ်သို့ ကျသွားသော လောက်စာလုံးကိုကြည့်လိုက်သည်။ ပြီးမှ သူ့မျက်လုံးသည် ဆင်ဝင်နှင့် တတန်းထဲ တွင် ရှိသော ပန်းရုံများ လှုပ်ရှားသည်ကို သတိပြုမိလိုက်သည်။

"ဟင်း"

ဒေါ်နန်းပို တစ်ယောက် ကြိတ်၍ ပင့်သက်ရှိုက်လိုက်ရင်း စောခွန်နောင်ဝင်သာအောင် ကိုယ်ကိုရှောင်ပေးလိုက် သည်။

ဦးစောခွန်နောင်သည် မကျေမချမ်းစိတ်ကို ကြိုး စားမြိုသိပ်ရင်း သွားကို အစွမ်းကုန်ဖြဲကာ ဧည့်ခန်းထဲသို့ လျှောက်ဝင်ခဲ့သည်။

“ထမင်းစားပြီးခဲ့ပြီလား ကိုခွန်နောင်”

“ခုတင်ဘဲ ပြီးပါတယ်”

“သားတို့ သမီးတို့လဲ မမြင်ပါလား”

“ကိုကိုကြီးနဲ့ ကိုကိုလတ် အပြင်ခနသွားကြတယ်။ သမီးတော့ သူ့အခန်းထဲမှာ ဝတ္ထုဖတ် နေတယ်ထင်ပါရဲ့ ”

“အော် . . . အော်”

ပါးစပ်က အော် . . . အော်သာ ပြောလိုက်ပေမယ့် ဦးစောခွန်နောင်၏ ဝမ်းထဲတွင်တော့ “ဒါ . .. ကန်းမလေးလက်ချက်ဘဲ ဖြစ်မယ်။ သိမယ်. . . သိမယ်။ မင်း ကောင်းကောင်းသာ သတိထား နေ၊ တစ်နေ့ မင်းအမေ ငါ့လက်ထဲရောက်ရင်တော့ မင်း ဒီလိုကျီစားနိုင်ဦးမလားလို့ ကြည့်ကြသေး တာပေါ့” ဟု ကြိတ်၍ ကြုံး ဝါးနေ၏ ။

“အင်း . . .ကိုစောခွန်နောင်လဲ နန်းပိုကို နေ့တိုင်း အားပေးစကားပြောနေတာ အားနာ စရာတောင် ဖြစ်နေပြီထင်တယ်”

“အား .. . ဘယ်လို ပြောလိုက်တာလဲ မနန်းပိုရယ်။ ကျုပ်နဲ့ မနန်းပိုက ခုမှသိကြတဲ့ လူတွေ လားဗျာ။ တစ်ချိန်ကသာ ဖူးစာဆုံခဲ့ကြရင် ခုဆိုရင် သားတွေ သမီးတွေ နဲ့ သိုက်သိုက်ဝန်းဝန်း တောင် ရှိချင်ရှိနေကြမှာ ”

ဒေါ်နန်းပိုရင်ထဲတွင် ဦးစောခွန်နောင်၏ စကားများ ကြောင့် နွေးကနဲ ထွေးကနဲ ဖြစ်ကာ အပျို ဖော်ဝင်စ မိန်းမသားကလေး လူပျိုအလှည့်ခံရသကဲ့သို့ ရင်တွေ ပန်းတွေ ပင် တုန်ခုန်လာနေ၏ ။

စောခွန်နောင် ကတော့ လက်ထဲကစီးကရက်ကို ပြာချွေရင်း ဒေါ်နန်းပိုကိုသာ ချစ်ရည်ရွှမ်း သော မျက်လုံးများ ဖြင့် မမိုတ်မသုန်ကြီး ကြည့်နေပေ၏ ။

"အား . .."

ထမင်းစားခန်းဆီမှ စူးစူးဝါးဝါး အော်လိုက်သော စောနှင်းပုလဲ၏ အသံကြောင့် ဒေါ်နန်းပို ရော ဦးစောခွန်နောင်ပါ အလိုအလျောက် ထရပ်လိုက်မိလျက်သား ဖြစ်သွားကြ၏ ။

"ဟင် . . . သမီး . . .သမီး၊ ဘာ ဖြစ်တယ် မသိဘူး"

ဒေါ်နန်းပိုသည် ထမင်းစားခန်းဆီသို့ အပြေးကလေးဝင်ရောက်လာ၏ ။

သူ့နောက်က ဦးစောခွန်နောင်လည်း ထပ်ချပ်မကွာ လိုက်ပါ၍ လာသည်။

"ဟဲ့ . . .သမီး . . . သမီး ဘာ ဖြစ်လို့လဲ"

စောနှင်းပုလဲသည် ထမင်းစား စားပွဲအနီးတွင် မတ်မတ်ကလေးရပ်ကာ ပြူး ပြူး ပြာပြာ ဝင်လာသော မိခင်ကို ကြည့်နေ၏ ။

"သမီး ဘာမှမ ဖြစ်ပါဘူး"

စောခွန်နောင်လည်း ခြေဆက်မလှမ်းတော့ဘဲ အဝင်တံခါးနားတွင် သာရပ်၍ အတွင်း းသို့ ကဲကြည့်နေ၏ ။

"ဒါဖြင့် အထိတ်တလန့် ဖြစ်အောင် ဘာ ဖြစ်လို့ အော်ရသလဲ ဟင်"

"ဟို . . မေမေပို့အနားမှာ တောက်တဲ့ကြီးတစ်ကောင်ကို တွေ ့လိုက်ရလို့ပါ"

"ဟင် . . . တောက်တဲ့၊ ပေါက်တီးပေါက်ရှာ မ ဖြစ်နိုင်တာတွေ . . ."

"ဟုတ်တယ် . . . မေမေပိုရဲ့ ၊ တကယ့်ကို တွေ ့လိုက်ရလို့ . . . မေမေပိုနော် သတိထားနေ။ ဒီတောက်တဲ့ကြီးက ကပ်မိရင် ခွာမဲ့အကောင်မဟုတ်ဘူး"

ဒေါ်နန်းပိုသည် မှင်သေသေဖြင့် ပြောနေသော သမီးငယ်ကို ကြည့်ရင်း စောစောပိုင်းက လောက်စာလုံးနှင့် ယခုကိစ္စကို ဆက်စပ်မိကာ နောက်ဖက်သို့ ဆတ်ကနဲ လှည့်ကြည့်လိုက်မိသည်။ ဤတွင် မျက်နှာကြီးရှုံ့မဲ့နေသော စောခွန်နောင်ကို အားတုံ့အားနာ ဖြစ်ဖွယ်ရာတွေ ့လိုက်ရပေ၏ ။

"အို . . . သမီးကလဲကွယ်၊ မဟုတ်မဟတ်တာတွေ ဘာလို့ ပြောတတ် လုပ်တတ်နေမှန်း မသိဘူး" ယင်းသို့ မျက်နှာကြီး နီမြန်းစွာ ဖြင့် ပြောရင်း သူသည် ဧည့်ခန်းထဲသို့ ပြန်လည်ထွက်ခွာ သွားသည်။

"လာ . . .ကိုစောခွန်နောင်၊ အမိုက်မလေးကို ခွင့်လွှတ်ဖို့သာ နန်းပို တောင်းပန်ချင်တော့ တာပါပဲ"

လူကြီးရှက်တော့ 'ရယ်' ဆိုသကဲ့သို့ ဦးစောခွန်နောင်သည် မရယ်ချင်ပါဘဲလျက် ခြောက် ကပ်ကပ်အသံကြီးဖြင့် ရယ်မောလိုက်၏ ။

"ခွင့်လွှတ်ပါတယ်ဗျာ။ မနန်းပို ခွင့်မလွှတ်ခိုင်းခင်ကတည်းက ဒီကလေးတွေ ကို ကျုပ်အပြစ် မမြင်ရက်ပါဘူး။ မနန်းပိုရဲ့ သွေးသားမှန်သမျှကို ကျုပ်ရဲ့ သွေးသားလိုဘဲ ကျုပ်က မှတ်ထင်နေမိတဲ့ လူပါဗျာ"

"ဟွန်း . . . ဘဲနာကြီး . . . ဒီလောက် နက်နေတာတောင် အကျောမာလာသေးတယ်။ စောင့်ကြည့်ကြသေးတာပေါ့လေ။ ဘယ်လောက်ကြာအောင် သွေးသားအ ဖြစ် လက်ခံနိုင်မလဲလို့"

စောနှင်းပုလဲသည် မျက်နှာကလေးကို အရုပ်ဆိုးလောက်အောင် မဲ့ရွဲ့၍ ရေရွတ်ရင်း ခြေကို တမင်ပင် ဆောင့်နင်းကာ အိမ်ပေါ်ထပ်သို့ တက်ရောက်ပျောက်ကွယ်သွားတော့၏ ။

သည်နေ့တွင် မှ ဦးစောခွန်နောင်သည် ခါတိုင်းရက်များ ထက် နောက်ကျ၍ အိမ်ပြန်၏ ။

စောနှင်းပုလဲမှာ ပို၍ ပင် မခံချိမခံသာအောင် ဖြစ်နေ၏ ။

မေမေပိုသည် ဦးစောခွန်နောင် ပြန်လှူင်ပြန်ချင်း စောနှင်းပုလဲ၏ အိပ်ခန်းအတွင် းသို့ ရောက်ရှိလာကာ လူကြီးလူကောင်း တစ်ယောက် အပေါ် ပြုမူဆက်ဆံချက်များ ရိုင်းပျလှကြောင်း အပြစ်တင် မာန်မဲလာ၏ ။

စောနှင်းပုလဲသည် ဦးခေါင်းငုံ့၍ လက်သည်းကိုက်နေသည်မှအပ မည် သို့မှ စောဒက မတက်ပေ။

ရင်ထဲတွင် တော့ မေမေပိုက ဦးစောခွန်နောင်ကို အရေး ပေးနေသဖြင့် မနာလိုဝန်တိုစိတ် များ သည် မှန်ယို၍ နေပေ၏ ။

သူသည် သည်ကိစ္စကို မျိုသိပ်မထားနိုင်သဖြင့် သူနှင့် အရင်းနီးဆုံးသော ကိုကိုလတ်အား ဖွင့်ပြောလိုက်မိသည်။

ကိုကိုလတ်သည် မြေပြင်ကို တုတ်ကလေးတစ်ချောင်းဖြင့် ခြစ်၍ သူပြောသမျှကို ဆုံးခန်း တိုင်အောင် နားထောင်နေ၏ ။

"အဲဒါ ဘယ်လိုလုပ်ကြမလဲ ကိုကိုလတ်"

"ဘာကိုလဲ ညီမလေး"

"ဟောတော့ . . . ခုပြောနေတဲ့ မေမေပိုနဲ့ ဦးစောခွန်နောင်အကြောင်းကိုပေါ့"

"အော် . . . ညီမလေးရယ် . . .လင်ဆုံးသွားတဲ့ မုဆိုးမ တစ်ယောက် ဟာလဲ လွတ်လပ်တဲ့ အပျို တစ်ယောက် နဲ့ ဘာခြားတာမှတ်လို့။ မေမေက သားကြီး သမီးကြီးတွေ နဲ့ ဆိုပေမဲ့ လုတုန်း လှဆဲ မိန်းမ တစ်ယောက် ဘဲ။ ခုမှ အသက်လေးဆယ်ပြည့်တတ်ရုံကလေးရှိတာ။ သူ့ကို ပိုးပန်းတဲ့ လူတွေ ကို ကိုကိုလတ်တို့က ထိုင်စောင့်ပြီး ဝါးလုံးနဲ့ ရိုက်ချနေလို့တော့ မ ဖြစ်ဘူး။ ဒီကိစ္စကို မေမေ သဘောဘဲ ထားလိုက်ပါကွယ် . . .။ မေမေပို သူ့ဘဝအတွက် သူ့ဖာသာသူ ဆုံးဖြတ်ပါစေ။ ဒီကိစ္စ ကိုတော့ ကိုကိုလတ် ဘာမှဝင်မပြောလိုဘူး"

"ဟွန်း . . . ရှေ့နေငှားမှ ထောင်လုံးလုံးကျဆိုသလို ဖြစ်နေပြီ။ စစ်ကူများ ရမလားလို့ . . .။ ကိုကိုလတ်ကပါ ဦးခွန်နောင်ကို အားပေးအားမြှောက်ပြုနေပြန်ပါပြီ"

စောနှင်းပုလဲသည် စိတ်စက် ရှုပ်ထွေးလှဟန် ကလေးဖြင့် ဦးခေါင်းကို တဗျစ်ဗျစ် မြည် အောင် ကုတ်လိုက်သည်။

"ဦးခွန်နောင်ကို အားပေးအားမြှောက်လုပ်တာ မဟုတ်ပါဘူး ညီမလေးရယ် . . .၊ မေမေပို ကို ကိုကိုလတ် သနားလို့ပါ"

"အင့် . . .ဘာဆိုင်လို့လဲ"

"ဆိုင်ပါပြီကောကွယ် . . .မေမေပိုက ဖေဖေ့ကို သိပ်ချစ်သလို ဖေဖေကလဲ မေမေ့ကို သိပ်ချစ်တာဘဲ။ သူ့ဘဝမှာ ရှိရှိသမျှစည်းစိမ်ဥစ္စာကိုပစ်ပြီး မက်မန်းခြံအလုပ်သမကလေး မေမေကို ပစ်ယူခဲ့တာ မဟုတ်လား။ မေမေပိုနဲ့ ဖေဖေဟာ တစ်ဦးအပေါ် တစ်ဦး သိပ်ချစ်ခင် စုံမက်ကြတဲ့ လူတွေ ဖြစ်နေတော့ တစ်ဦးမရှိရင် တစ်ဦး မနေတတ်ကြဘူး။ သေကွဲ ကွဲတာကို မပြောနဲ့ . . . တစ်ခါတစ်လေ ဖေဖေအလုပ်ကိစ္စနဲ့ ခရီးရက်ရှည် ထွက်တောင် မေမေပို ဘယ်လောက် လွမ်းသလဲ၊ စိတ်သော ကရောက်တတ်သလဲဆိုတာ ညီမလေးလဲ အမြင်ဘဲ။ ဒါကို ကိုကိုလတ် အထူးပြောပြ နေဖို့ မလိုပါဘူး"

"အင်း . . .အဲဒီ တော့ ဆက်ပါဦး"

"အဲဒီ တော့ ခုလို ဖေဖေနဲ့မေမေပို သေကွဲခွဲသွားရတော့ မေမေပိုဘဝ ဘယ်လောက် အထီး ကျန် ဆန်လိုက်မလဲဆိုတာ ညီမလေး တွေးသာကြည့်ပေတော့ . . .။ သူ့အချိန်ပြည့် ဖေဖေ့ကို တမ်းတ သတိရနေမိမှာ မြေကြီးလက်ခတ် မလွဲဘဲ။ ဒီလို အစွဲအလန်းကြီးတတ်တဲ့လူမျိုးတွေ ဟာ အနားမှာ နှစ် သိမ့်အားပေးမဲ့လူရှိရင် အထူးနှစ်သက် ကြတယ်"

"အောင်မလေး . . .ဒီမှာ သားတွေ သမီးတွေ ရှိပဲ့ရင် . .. နှစ် ဆယ့်လေးနာရီလုံးလုံး နှစ် သိမ့်နေတာ ကြိုက်ရင်လဲ ညီမလေး အနားက မခွာဘဲ နှစ် သိမ့်နိုင်ပါသကောရှင်"

ကိုကိုလတ်သည် ထေ့လုံးရွဲ့လုံးကလေးများ ဖြင့် ပြောဆိုနေသော ညီမလေးကို ကြည့်ကာ သွားတက်ကြီးများ ပေါ်အောင် ရယ်မောလိုက်သည်။

"မတူပါဘူး ညီမလေးရယ်။ ကိုကိုတို့ ညီမလေးတို့ နှစ် သိမ့်တာထက် အဆပေါင်း

တစ်သိန်း တသန်းကွာတာကို ညီမလေးချစ်သူတွေ ့လာတဲ့တစ်နေ့ကျရင် တွေ ့ပါလိမ့်မယ်”

“တော် ပါ . . . တော် ပါ မုန်းလိုက်တာ။ ဒီဥပမာမျိုးပေးတာတော့ နှင်းပုလဲ မကြို က်ပါဘူး”

စောနှင်းပုလဲသည် နှုတ်ခမ်းကို ထော်နေအောင် စူကာ ကိုကိုလတ်၏ အနီး ဒါန်းပေါ်တွင် ထိုင်နေရာမှ ဆတ်ကနဲ ထ၍ ခြေဆောင့်ကာ ထွက်ခွာသွားတော့၏ ။

“ညီမလေး . . . ဟေ့ . . . အော် ခက်တယ်ကွာ”

ကျောခိုင်း လှည့်ထွက်သွားသော ညီမငယ်ကို လှမ်းကြည့်ရင်းက ကိုကိုလတ်သည်လည်း မျက်နှာညှိုး ၍ လာ၏ ။

ညီမငယ် စိတ်ဖြေသာအောင် တွန်းတွန်းထိုးထိုး ပြောသာပြောလိုက်ရပေမယ့် တကယ် တန်း သူတို့ချစ်သော မေမေပို တစ်ယောက် တစ်ပင်လဲမှ တစ်ပင်ထူပါမည် ဆိုလျှင် သူသည်လည်း စိတ်ချမ်းမြေ့နိုင်မည် မဟုတ်ပါချေ။

သူ့အနေနှင့် လည်း သူချစ်သော ဖေဖေ့နေရာတွင် အစားဝင်လာမည့် သူကို မည် သို့မှ ကြည်ဖြူနိုင်မည် မဟုတ်ပါချေ။

တွေ းကြည့်ရုံမျှနှင့် သူ့ရင်ထဲတွင် တင်းကြပ်၍ လာပါသည်။

“မေမေပို နောက်အိမ်ထောင် မပြုပါစေနဲ့ဘုရား”

သူသည် ကြိတ်၍ ဆုတောင်းရင်း လက်ထဲက တုတ်ချောင်းကလေးကို လွှင့်ပစ်ကာ ထိုင်ရာမှ ထလိုက်သည်။

♥ ♥ ♥

၇။

ဦးဝင်းရှိန်ကွယ်လွန်ပြီး နှစ် လနီးပါးခန့်ကြာလျှင် ကိုကိုကြီးသည် ဗိုလ်လောင်းသင်တန်း တက်ရန် မေမြို့ သို့ ထွက်ခွာသွားသကဲ့သို့ ကိုကိုလတ်သည်လည်း ရေကြောင်း အင်ဂျင်နီယာ အတတ်သင်ကြားရန် ရန်ကုန်မြို့ သို့ ထွက်ခွာသွားတော့သည်။

နဂိုက စိုစိုပြေပြေရှိလှသော နှင်းပုလဲဂေဟာကြီးသည် လူသူကင်းနေဘိသကဲ့သို့ တိတ် ဆိတ်ငြိမ်သက်လွန်းနေ၏ ။

ဒေါ်နန်းပိုမှာ ခင်ပွန်းသည်ကို တ,သ, မဆုံးသည့်ကြားက သားနှစ် ယောက် နှင့် ပါ ခွဲခွာလိုက် ရသဖြင့် ပို၍ သာ မနေတတ် မထိုင်တတ်အောင် ဖြစ်နေရှာ၏ ။

စောနှင်းပုလဲ ကိုယ်တိုင်မှာ လည်း အစ်ကိုများ ကို လွမ်းဆွတ်တမ်းတမိသဖြင့် ရက်အတော် ကြာအောင် မအိပ်နိုင် မစားနိုင် ဖြစ်ခဲ့ရှာသည်။

မေမေပိုအတွက်က ဦးစောခွန်နောင်ရှိသည်။ ဦးစောခွန်နောင်နှင့် စကားပြောနေသည့် အချိန်များ တွင် မေမေပိုသည် အလွမ်းအဆွေးများ ကို ခေတ္တခန မေ့လျှော့နေသည် ဖြစ်ကြောင်း ဝင်းပပ သူ့မျက်နှာက ဖော်ပြနေ၏ ။

စောနှင်းပုလဲအတွက်မူ စိတ်၏ ဖြေသိမ့်ရာ ကွန်းရိပ်သာသည် ဦးကြီးအိုက်ပန်းနှင့် အရီးလုံ သာ ဖြစ်နေ၏ ။

“အရီးလုံရယ် မေမေပို နောက်အိမ်ထောင် ပြုရင်တော့ ဒုက္ခဘဲ”

ဒေါ်နန်းလုံသည် စကားတစ်ခွန်းမှမပြောဘဲ စောနှင်းပုလဲ၏ နက်မှောင်နေသော ဦးခေါင်း ကလေးကို ပွတ်သပ်၍ နှစ် သိမ့်နေ၏ ။

“နှင်းပုလဲတော့ မေမေပို နောက်အိမ်ထောင်ပြုမှာ ကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး။ ခု အတိုင်းဆိုရင်တော့ လူကြီးနဲ့မေမေပိုတို့ ယူကြလိမ့်မည့် ပုံစံပါ။ ကြည့်ပါလား သူတို့မှာ ပြောစရာ စကားတွေ က ကုန်ဘဲမကုန်နိုင်ဘူး။ တစ်နေ့ထက်တစ်နေ့ အချိန်ဆွဲ ဆွဲပြီး ထိုင်ထိုင်နေတာ နောက် သန်းကောင်းသန်းလွဲမှ ပြန်တော့မယ် ထင်ပါရဲ့ ”

“အိုကွယ် . . .ကလေးမရယ်။ စိတ်ကိုလဲ နဲနဲလျှော့ထားစမ်းပါ။ မင်းအမေဟာ

အမြော် အမြင်ကြီးတဲ့ မိန်းမ တစ်ယောက် ပါ။ ဆင်ခြင်တုံတရား မရှိဘဲနဲ့တော့ ဘာမှလုပ်မယ့် မိန်းမ တစ်ယောက် မဟုတ်ဘူးကွယ်”

ဒေါ်နန်းလုံ နှစ် သိမ့်သမျှကို စောနင်းပုလဲသည် မျက်ရည်တရစ်ဝဲဝဲဖြင့် နားထောင်နေရှာ၏ ။

ကိုယ်က ဘယ်လောက်ဘဲ တွေးပူပူ၊ ဘယ်လောက်ဘဲ သဘောမတူမတူ ဒေါ်နန်းပို ကတော့ ဦးစောခွန်နောင်ကို ယူတော့မည် ဖြစ်ကြောင်း တစ်ခုသော နံနက်ခင်းတွင် လက်ဖက်ရည် သောက်စားပွဲ၌ ကြေညာမောင်းခတ်လိုက်၏ ။

စောနင်းပုလဲခမျာမှာ သောက်လက်စ လက်ဖက်ရည်လည်ချောင်းဝတွင် း၌ ဆို့နင့် သွားရှာ ပေ၏ ။

ဒေါ်နန်းလုံမှာ စောနင်းပုလဲကိုကြည့်ပြီး မျက်နှာပျက်နေ၏ ။

စောနင်းပုလဲသည် ဇီးရွက်ပမာရှိလှသော မျက်နှာကလေးဖြင့် သူ့ကို ရဲရဲရင်မဆိုင်ဝံ့မိသော မိခင်၏ မျက်နှာကို မှင်သက်မိသကဲ့သို့ ကြည့်နေသည်။

ဒေါ်နန်းပိုသည် သမီးငယ်၏ ခံစားချက်ကို စိတ်ဖြင့် ရင်း၍ သိလိုက်ပါသည်။

သူသည် ရှေ့ဆက် စကားပြောရန်အတွက် အားယူ၍ ခြောက်ကပ်နေသော လည်ချောင်း အတွင် းသို့ တံတွေ းကို မျိုချလိုက်၏ ။

“ဒီသတင်းကို ထုတ်ပြောလိုက်ရင် သမီးတို့ သားတို့ ဘယ်လိုခံစားရမယ်ဆိုတာကိုလဲ မေမေပို သိပါတယ်ကွယ်။ သမီးတို့ စဉ်းစားကြည့်ကြပါ။ မေမေ့မှာ ကိုဝင်းမရှိတော့ဘူး။ ဒီနေ့ဆိုရင် တစ်သက်လုံးမခွဲခဲ့တဲ့ သားနှစ် ယောက် ဟာလဲ သူတို့ဘဝသူတို့တက်လမ်းအတွက် မေမေ့ကို ခွဲသွားကြပြီ။ ဒီလိုဘဲ နောင်တစ်နေ့မှာ မေမေပိုအချစ်ဆုံးသမီးဟာလဲ အကြောင်းပြချက်တစ်ခုခုနဲ့ မေမေပိုဆီကနေ ထွက်သွားကို ထွက်သွားဦးမှာ ဘဲ။ အဲဒီ နေ့ကို မေမေပို တစ်ယောက် ထဲ ရင်ဆိုင် ရရင်တော့ မေမေပို ရူးချင်ရူး၊ မရူးရင် သေတော့မှာ ဘဲ သမီးရယ်။ မေမေပို ကိုစောခွန်နောင်ကို . .”

"တော် . . . တော် . . . မေမေပို၊ ဒီလူကြီးကို မေမေပိုလိုချင်လို့ ယူတယ်ဆိုတာသာ တည့်တည့်ကြီးပြောလိုက်စမ်းပါ။ မေမေပိုပေးတဲ့ ဆင်ခြေတွေ ကို နှင်းပုလဲတော့ ဘယ်လိုမှ နားမဝင်ဘူး။ ဒီပထွေးမျက်နှာကိုလဲ မကြည့်ချင်ဘူး။ မေမေပိုက ဖေဖေ့ကို ချစ်တယ်၊ ချစ်တယ်နဲ့ ဖေဖေ့အရိုးဆွေးအောင်တောင် မစောင့်နိုင်ပါလား ဟင်။ နှင်းပုလဲတော့ သိပ်ရှက်တယ်၊ သိပ်ရှက် တာဘဲ"

စောနှင်းပုလဲသည် မျက်ရည်ပေါက်ကြီးငယ် ကျရင်းက အားမနာတမ်းပြောလိုက်ပြီး ထမင်း စားပွဲဆီမှ ချာကနဲ ထပြေးသွားတော့၏ ။

ဒေါ်နန်းပိုမှာ လက်သုတ်ပုဝါတထည်ကို လက်တွင် တင်းကြပ်စွာ ဆုပ်ကိုင်ထားရင်းက အာစေးထည့်ထားသည့်ကဲ့သို့ ဖြစ်၍ ကျန်ရစ်ခဲ့တော့၏ ။

"ဒါကြောင့် အရီးလုံ မပြောဘူးလား နန်းပို၊ ဒီကလေးမလေးကို နားဝင်အောင်ပြောလို့ မလွယ်ဘူးလို့။ ခုတော့ ဘယ်လိုလုပ်ကြမလဲ"

"အို . . . နန်းပိုက သူတို့ကို မွေးထုတ်ရတဲ့အမေပါ အရီးလုံ။ သူတို့ခွင့်ပြုချက်ရမှ နန်းပို လုပ်ချင်တာလုပ်ရမယ်ဆိုတာ လမ်းမဟုတ်သေးပါဘူး။ နန်းပိုမှာ ပြောရမဲ့တာဝန်ရှိလို့ ပြောပြတာ။ ပြောပြီးပြီ။ လက်ခံတာ လက်မခံတာက သူတို့ကဏ္ဍဘဲ"

"အင်း . . . ညည်းမလဲ စိတ်အမာသားဆိုတော့ ခက်တယ်ကွယ်"

ဒေါ်နန်းလုံသည် သည်ကိစ္စကို ဆက်လက် မဆွေးနွေးလိုတော့ဟန်ဖြင့် သောက်ပြီးသား ပန်းကန်များ ကို သိမ်းဆည်းကာ မီးဖိုဆောင်ဆီသို့ ထွက်ခွာခဲ့တော့သည်။

♥ ♥ ♥

နှင်းပုလဲငိုပါသည်။ သည်းသည်းထန်ထန်ပင် ငိုပါ၏ ။

တစ်နေကုန် မစားမသောက်ဘဲ အခန်းတံခါးပိတ်ကာ အငိုအရှိုက်နှင့်

မိတ်ဖွဲ့နေသဖြင့် မျက်လုံးအိမ်များ သည်လည်း မို့အစ်၍ နေကြပြီ။ မျက်လုံးများ ကလည်း ဟသင်္ာပြဒါးကျနေ၏ ။

ဒေါ်နန်းလုံသာ မကြာခန အပေါ်ထပ်ဆီသို့ တက်၍ တံခါးဖွင့်ပေးရန် နှစ်သိမ့်ပြောဆိုသော် လည်း မေမေပို ကတော့ တစ်ခေါက်မျှ ရောက်မလာခဲ့ပါချေ။

မေမေပိုကို ဦးစောခွန်နောင်က ဘယ်လောက်များ စိုးမိုးနေလေပြီ မသိ။

စောနှင်းပုလဲက မည် မျှပင် အတိုက်အခံ ပြုနေစေကာမူ မေမေပိုနှင့် ဦးစောခွန်နောင်တို့ သည် ခေါင်းမာလှစွာ ပင် လက်ထပ်လိုက်ကြ၏ ။

တစ်ချိန်က လင်သားကို ချစ်ခင်သော မိန်းမ၊ မိန်းမပီသသော မိန်းမ၊ သားသမီးကို မြတ်နိုး တွယ်တာသော မိခင် စသည် စသည်ဖြင့် ပတ်ဝန်းကျင်တွင် မျက်နှာပန်းလှလှရှိခဲ့သော မေမေပို တစ်ယောက် မှာ ဦးစောခွန်နောင်နှင့် လက်ထပ်လိုက်သည့် တခနတာအတွင်း ၊တွင် လက်ညှိုး ထိုး၊ မေးငေါ့ မဆုံးအောင် အကျည်းတန်သော မိန်းမဆိုး တစ်ယောက် ဘဝသို့ ရုတ်ချည်းကျရောက် သွားတော့၏ ။

လင်သေ၍ ငိုလွမ်းသော မိန်းမ၊ မယားသေ၍ ငိုလွမ်းသော ယောက်ျားတို့သည် နောက် အိမ်ထောင်ကို အဆောတလျင် ပြုတတ်ကြ၏ ဟူသော သဘောတရားကို စောနှင်းပုလဲ ယခင်က ကြားသာ ကြားဘူးခဲ့သည်။ ယခုတော့ လက်တွေ့ ဖြစ်နေရပေ၏ ။

မေမေပိုနှင့် သူ့ခင်ပွန်း အသစ်စက်စက်ကြီးတို့သည် ပတ်ဝန်းကျင်ကို မျက်နှာပြောင်တိုက်၍ ရင်ဆိုင်ဝံ့ကြသော် လည်း စောနှင်းပုလဲမှာ တော့ ရှက်လွန်းလှသဖြင့် အိမ်အောက်ထပ်သို့ပင် မဆင်းဘဲ အိပ်ခန်းအောင်း၍ နေခဲ့ရှာ၏ ။

ဒေါ်နန်းပိုသည် သမီး ဖြစ်သူနှင့် တစ်ခေါက်နှစ် ခေါက် စကားပြောဖို့ ကြိုးစားသော် လည်း စောနှင်းပုလဲက လက်မခံသဖြင့် နောက်ထပ် မကြိုး စားတော့ဘဲ နေလိုက်သည်။

♥ ♥ ♥

တစ်နေ့တွင် စောနင်းပုလဲသည် ကြုံကြုံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ရရှိလာသော ဟာသ ပုံပြင်များ ထဲမှ အကြောင်းအရာကလေးတစ်ခုကို အိပ်ရာဝင်ကာနီးတွင် ဒေါ်နန်းလုံအား ပြောပြ၍ နေ၏ ။

အမှန်တော့ သည်ပုံပြင်ကို သူကြားစေလိုသည်မှာ ဒေါ်နန်းပိုနှင့် ဦးစောခွန်နောင်တို့ ဖြစ် သည်မှာ ထင်ရှားလှသည်။

အစဉ်အမြဲ နူးညံ့သိမ်မွေ့စွာ စကားပြောတတ်သော နင်းပုလဲသည် သည်နေ့တွင် အသံကုန် ဟစ်၍ ပုံပြင်ကို ပြောပြနေ၏ ။

ဒေါ်နန်းပိုသည် ကုတင်နံဘေး ပက်လက်ကုလားထိုင်တွင် ထိုင်နေသော ခင်ပွန်းသည်၏ မျက်နှာကို ကြည့်ရင်းက စောနင်းပုလဲ၏ အသံကို နားစွင့်နေမိလိုက်သည်။

“အဟမ်း . . . အဟမ်း . . .သေသေချာချာ နားထောင်နော် အရီးလုံ၊ တစ်ခါတုန်းက သိပ်ချစ်ခင် စုံမက်ကြတဲ့ လင်မယားနှစ် ယောက် ရှိသတဲ့။ တစ်နေ့ကျတော့ ခင်ပွန်းသည်ဟာ ရောဂါ ဝေဒနာတစ်ခု စွဲကပ်ပြီးတော့ ဆုံး သွားပါရောတဲ့၊ အဲဒီ အခါကျတော့ ဇနီးသည်က လိုမ့်လိုမ့်ပြီး ငိုလိုက်တာ မြင်တဲ့သူတိုင်း မသနားဘဲ မနေနိုင်ဘူးတဲ့။ နောက်ပြီး သူ့လင်ရဲ့ မြေပုံကလေးဘေးမှာ ထိုင်ထိုင်ပြီးတော့ ယပ်တောင် တစ်ချောင်းနဲ့ ခပ်ပေးနေရာတယ်တဲ့”

“အောင်မယ် သူ့လင်ကို တယ်ချစ်ရှာတာဘဲ”

“အင်း . . . အရမ်းထင်မြင်ချက် ပေးမနေနဲ့ဦးလေ၊ အရီးလုံကလဲ ဆက်နားထောင်ပါဦး”

“အဲဒီ လို နေ့တိုင်းမြေပုံအနားမှာ ကျုံ့ကျုံ့ကလေးထိုင်ပြီး ယပ်ခပ်ပေးနေတာကို တွေ့ကြ တဲ့လူတွေ က အော် . . .ဒီမိန်းမ၊ သူ့လင်ကို သံယောဇဉ်ကြီးရှာတယ်။ ကြည့်စမ်း . . . နွေခေါင်ခေါင် ကြီးမှာ သေသွားတဲ့သူ့လင် ပူမှာ စိုးလို့ ယပ်ခပ်ပေးနေရှာတယ်ထင်ပါရဲ့ ။

သနားလိုက်ပါဘိတော့လို့ ထင်ကြေး မြင်ကြေးပေးကြတယ်။ ဒီလို နေလာလိုက်တာ မနေနိုင်တဲ့ မိန်းမ တစ်ယောက် က စပ်စပ် စုစု မေးလိုက်တယ်။ 'ရှင် ဘာ ဖြစ်လို့ မြေပုံကို ယပ်ခပ်ပေးတာလဲ။ ရှင့်ယောက်ျားကို သိပ်ချစ် သလား' လို့ မေးတော့ ဒီမိန်းမက ပြန်ဖြေတယ်။ 'ကျွန်မယောက်ျားကို သိပ်ချစ်ပါတယ်။ ဒါပေမဲ့ အခု ယပ်တောင်ခပ်ပေးနေရတဲ့အကြောင်း ကတော့ ဒီလိုပါရှင်။ ကျွန်မယောက်ျားဆုံးခါနီး မှာ ကျွန်မကို အမှာ စကားပြောခဲ့ပါတယ်။ သူတော့ နေရတော့မှာ မဟုတ်ဘူးတဲ့။ တကယ်လို့များ သူဆုံးပါးသွားခဲ့ရင် ကျွန်မနောက်အိမ်ထောင် ပြုနိုင်ပါတယ်။ ကြည်ဖြူစွာ ခွင့်လွှတ်နိုင်ပါတယ် တဲ့။ ဒါပေမဲ့ သူ့မြေပုံကလေးကိုတော့ ခြောက်တဲ့အထိ စောင့်ပါဆိုလို့ မြေပုံကို မြန်မြန်ခြောက်အောင် ယပ်တောင်ခတ်ပေးနေပါတယ်'လို့ ပြန်ပြောလိုက်တယ် အရီးလုံ။

"ဒီမိန်းမဟာ ဘယ်လောက်တောင် နောက်အိမ်ထောင်ပြုချင်သလဲဆိုရင် သေသွားရှာတဲ့ လင်ယောက်ျားရဲ့ မြေပုံ သူ့အလိုလိုခြောက်တာကိုတောင် မစောင့်နိုင်ဘူး။ မြန်သထက်မြန်ပြီး ခြောက်အောင် ယပ်ခတ်ပေးနေသတဲ့။ တကယ့်ကို အံ့သြစရာပဲနော်။ ဟွန်း . . ဟွန်း . . .ဟွန်း"

ဒေါ်နန်းလုံသည် မျက်စိမျက်နှာပျက်ပြီး ထိုင်ရာမှ ဆတ်ကနဲ ထကာ ခနီးခနဲ့ရယ်နေသည့် စောနှင်းပုလဲ၏ ပါးစပ်ကို ပိတ်လိုက်သည်။

"ခက်လိုက်တာ နှင်းပုလဲရယ်၊ ဒီ ကတော့ အကောင်းမှတ်လို့ နားထောင်နေတာ။ လာ . . . လာ . . .အိပ်ပေါ်တက်ကြစို့"

"အို . .. ဒါ ဒီစာအုပ်ထဲမှာ ပါတဲ့ ပုံပြင်ဘဲဟာကို။ နှင်းပုလဲအပိုတစ်ခုမှ မပြောပေါင်။ ဟောဒီ မှာ မယုံရင် ကိုယ့်ဖာသာ ဖတ်ကြည့်"

"တော် .. . တော် . . . နင့်ပုံပြင်ကြီးလဲ မဖတ်ချင်ပါဘူး။ လာ . . . အိပ်ကြစို့"

ဒေါ်နန်းလုံသည် ပေကပ်ကပ်နေသော စောနှင်းပုလဲကို အတင်းအဓမ္မ ဆွဲငင်၍ ခေါ်ဆောင် သွား၏ ။

အိပ်ခန်းထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အိပ်ခန်းတံခါးကို

ဂျောက်ကနဲဂျက်ချပြီး ဒေါ်နန်းလုံသည် မျက်ရည်ဝိုင်းနေသော စောနှင်းပုလဲကို ရင်ထဲတွင် တင်းကြပ်ဆို့နင့်စွာ ကြည့်လိုက်သည်။

"ငရဲကြီးတတ်တယ် နှင်းပုလဲရယ်၊ မအေမိဘကို ဒီလိုစောင့်ချိတ်ပြီး မပြောရဘူး။ နန်းပိုက အပြစ်မယူပေမယ့် ငရဲက မနေဘူး။ သူ ဘာပဲလုပ်လုပ်၊ မိဘဟာ မိဘပဲလို့၊ အရီးလုံ ပြောတဲ့ စကားကို နားမဝင်ပါလား ကလေးရယ်။ သမီး ဒီလိုစိတ်ဓာတ်စစ်ဆင်နေလို့ ဘာအကျိုးထူးလာ မှာ လဲ။ သူတို့ညှားနေကြပြီဘဲ။ အရီးလုံပြော်ချင်တာ ကတော့ အကြောင်းမထူးမဲ့အတူတူ အဆင်ပြေ အောင် ကြိတ်မှိတ်နေကြရအောင်လားကွယ်"

စောနှင်းပုလဲသည် ဒေါ်နန်းလုံကိုမကြည့်ဘဲ ကုတင်ပေါ်တွင် မှော က်ကာ လက်နှစ် ဖက်ဖြင့် ခေါင်းအုံးစွန်းနှစ် ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ကျောကလေးသိမ့်သိမ့်တုန်အောင် ငိုရှိုက်နေ ၏ ။

"ဟင်း . . . ခက်လိုက်တာနော်"

နောက်ဆုံးတော့ ဒေါ်နန်းလုံမှာ ပင့်သက်ရှိုက်ရချည့်သာတည်း။

♥ ♥ ♥

ငိုမနေပါနဲ့ နန်းရယ်၊ သူက ဘာပဲပြောပြော ကိုယ်တို့က ခွင့်လွှတ်နိုင်အောင် ကြိုးစားရမယ် မဟုတ်လား"

ဒေါ်နန်းပိုအနီးသို့ ချည်းကပ်လာကာ ဦးစောခွန်နောင်သည် မျက်ရည်စများ ကို တယုတယ သုတ်ပေးရင်း နှစ် သိမ့်နေ၏ ။

"ကိုက သိပ်ကိုသဘောထားပြည့်တာဘဲနော်။ ဒီကသမီးမိုက်ကို နန်း ဘယ်လို သွန်သင် ပြုပြင်ရမှန်းတောင် မသိတော့ပါဘူးရှင်"

"ဖြေးဖြေးပေါ့ကွယ်။ တစ်နေ့ကျရင်တော့ သူ့အပေါ်ထားတဲ့

ကိုယ်တို့စေတနာတွေ ကို သူသိမြင်လာမှာ ပါ။ ကဲ . . .ကဲ . . .နန်းလဲ ပင်ပန်းလှပြီ။ အိပ်ကြစို့နော်”

ဒေါ်နန်းပိုသည် ဦးခေါင်းကလေးကို ငြင်သာစွာ ညိတ်ပြရင်း အိပ်ရာဝင်လိုက်၏ ။

အုံးစက်ရာတွင် နှစ် ကိုယ်တူ ယှဉ်တွဲ လဲလျောင်းမိသော အခါတွင် ခင်ပွန်းသည်၏ တိုးတိုး ညှင်းညှင်း အားပေးနှစ် သိမ့်လာသော စကားသံများ က နွမ်းလျရစ်ခွေနေသော ဒေါ်နန်းပို၏ စိတ်များ ကို ကြည်လင်ချမ်းမြေ့၍ လာစေပါတော့၏ ။

♥ ♥ ♥

၉။

စောနှင်းပုလဲသည် သတင်းစာတွင် ပါသော ကြော်ငြာတစ်ခုကို အထပ်ထပ်ဖတ်လိုက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နေ၏ ။

“အင်း . . . ဒီအိမ်ကြီးမှာ လဲ ငါနေရတာ မပျော်တော့ပါဘူး။ ဒီက ထွက်သွားတာဘဲ ကောင်းပါတယ်။ ဒါမှလဲ သူတို့လွတ်လွတ်လပ်လပ် နေနိုင်ကြမယ်။ ဟုတ်တယ်၊ ဟုတ်တယ်လေ။ ငါ လေယာဉ်မယ်လျှောက်ပြီး ဒေါ်လေးမြတို့ဆီ အကူအညီတောင်းကြည့်မယ်။ လူ့အောက်ကျို့ ရတာ သေမသွားနိုင်ပါဘူး။ အကျိုးအကြောင်း ပြောပြရင် ဒေါ်လေးတို့ နေစိမ့်မှာ မဟုတ်ဘူး”

စောနှင်းပုလဲသည် သတင်းစာကိုချလိုက်ပြီး စာရေး စားပွဲကို ဖွင့်ကာ ချက်ချင်း စားရေး သား ချလိုက်သည်။ ပြီးလျှင် စာအိတ်ထဲတည့် တံဆိပ်ခေါင်းကပ်ကာ အိမ်ပေါ်မှဆင်းခဲ့၏ ။

စာတိုက်ပုံထဲသို့ စာထည့်ပြီးသော အခါတွင် သူ့စိတ်သည် အလိုလို

ကြည်လင်လာ၏ ။

စာထည့်ပြီး နောက်နေ့များ တွင် စာပို့လုလင်ကို မျှော်ရသည်မှာ သူ့အတွက် အလုပ်တစ်ခု ဖြစ်၏ ။ တစ်ခါတစ်ရံ တိမ်တိုက်များ အကြားတွင် ပျံသန်းနေသည်ကို မြင်ရသော လေယာဉ်များ ကို ကြည့်ကာ စိတ်ကူးယဉ်ရသည်မှာ လည်း အမောပင်။

မျှော်လင့်အားထားချက်ကြီးကို ဖြည့်စွမ်းပေးနိုင်မည့် စာတစ်စောင်သည် စောနှင်းပုလဲထံသို့ တစ်ပတ်အတွင်း ။ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပြန်ရောက်လာ၏ ။

“အောင်မလေး ဝမ်းသာလိုက်တာ၊ ဒေါ်လေးမြ ဘာတွေ များ ရေး ထားသလဲ မသိဘူး”

စောနှင်းပုလဲသည် အိမ်ပေါ်အထိ စာကို ယူမသွားဘဲ လမ်းမှာ တင် ရပ်ကာ ဖွင့်ဖတ် လိုက်မိသည်။

တူမလေး စောနှင်းပုလဲ . ..

ဒေါ်လေးမြ စာပြန်လိုက်ပါတယ်ကွယ်။ ကိုကိုက ဒေါ်လေးတို့အပေါ် ပြတ်နိုင်ပေမယ့် ဒေါ်လေးက ကိုကို့အပေါ်မပြတ်နိုင်ပါဘူး။ ကိုကို့ဆန္ဒအတိုင်း ဒေါ်လေးတို့က တူမလေးတို့ကို မဆက်သွယ်ဘဲ နေခဲ့ကြတာပါ။ တူမလေး စာကိုဖတ်ရတော့ ဒေါ်လေးဝမ်းနည်းမိတယ်။ ကိုကို့ သွေးသားတွေ ကိုကိုမရှိတဲ့နောက်မှာ ထင်းစည်းပြယ်သလို ဖြစ်ရတာ ရင်နာစရာဘဲ။ အေးလေး . . ကိုကိုက မိန်းမကောင်းကို ရှာယူခဲ့တာမှ မဟုတ်တာဘဲကိုး။ ဒါတွေ ထားလိုက်ပါတော့လေ . . . ဒင်းအကြောင်းရေး နေလို့လဲ လက်ညောင်းရုံဘဲ ရှိမယ်။ အရေး ကြီးတာက တူမလေး ရှေ့ရေး အတွက် ဒေါ်လေးမြတို့ ဆုံးဖြတ်ဖို့ဘဲ။ ခု ဆယ်တန်းစာမေးပွဲတွေ လဲ ထွက်ချိန်နီးပါပြီ။ တကယ်လို့ အောင်ရင်တော့ တူမလေးကို ကောလိပ်ဆက်ထားချင်တယ်။ မအောင်ရင်လဲ တူမလေးဆန္ဒ အတိုင်း လေယာဉ်မယ်ဘဲ ဆက်လုပ် ပေ့ါ။ အစ်ကိုကြီးကလဲ တူမလေးကို ခေါ်ထားဖို့ သဘောတူ တယ်။ ဒီတော့ . . . တူမလေး ခုလာမယ့် တနင်္ဂနွေနေ့ရထားနဲ့ ရန်ကုန်ကို ဆင်းခဲ့ပေ့ါ။ ဒေါ်လေးတို့ ဘူတာကြီးမှာ ဆင်းကြိုနေမယ်။ ဒေါ်လေးဟာ ကိုကိုနဲ့ တစ်ထေရာထဲ တူတယ်။

တူမလေး အရာရ မခက်အောင် ဒေါ်လေး ပန်းနုရောင် အထက်,အောက် ဝတ်ထားမယ်။ လက်ပွေ့အိတ်အနက် ကိုင်ထားမယ်။ အော်. . . ပြီးတော့ ဒေါ်လေးဟာ ကိုကိုလိုဘဲ မျက်မှန်နဲ့။ လူမှာ းစရာတော့ မရှိပါ ဘူးကွယ် . . .။ ဆက်ဆက်သာ လာခဲ့ပေတော့ . .. ။ ဒီရောက်မှပဲ အသေးစိတ် တိုင်ပင်ကြတာပေါ့ . . ..။ သားသား ကတော့ တူမလေးဆီက စာရောက်လို့ သိပ်ကို ဝမ်းသာနေရှာတယ်။ ဒါပါပဲကွယ် . . . စိတ်ချမ်းမြေ့ပါစေ။

ဒေါ်လေးမြ

“အို . .. ဝမ်းသာလိုက်တာ၊ တကယ် ခေါ်တယ် . . . သူတို့ တကယ်ခေါ်ကြတယ်”

“စောနှင်းပုလဲသည် စာရွက်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ အိမ်ကိုပတ်၍ နောက်ဖေးဆောင်ဆီသို့ ပြေးလာ၏ ။

“ဟဲ့ . . .ဟဲ့ . . . ဘာ ဖြစ်တာလဲ”

ဖူးဖူးပွင့်ပွင့် ပြုံး ပန်းဆင်နေသော စောနှင်းပုလဲကို တွေ့လိုက်ရလျှင် ဒေါ်နန်းလုံည ့အံ့သြ၍ သွားရှာ၏ ။

“သွားမယ်၊ ရန်ကုန်ကို သွားတော့မယ် အရီးလုံရဲ့ ”

“ဘာ . . . . ရန်ကုန်ကို . ..”

“ရန်ကုန်ကိုပါ ဆိုနေ. . . .”

ဒေါ်နန်းလုံသည် သည်ကလေးမ ရူးများ ရူးသွားလေပြီလားဟု အထင်ရောက်ကာ မျက်နှာ ညှိုး သွား၏ ။

“အို . . . မယုံဘူးလား . .. ဒီမှာ စာ၊ ဒေါ်လေးမြက နှင်းပုလဲကို ရန်ကုန်ဆင်းခဲ့တဲ့. . .။ အောင်မလေး . . . သိန်းထီပေါက်တာထက်တောင် ပျော်စရာကောင်းသေးတယ် အရီးလုံး”

“ဟင် . . .မြမြရှိန်ခေါ်တယ်”

ဒေါ်နန်းလုံမှာ အံ့သြလျက်ဆဲပင်။ ထိုအခိုက် မီးဖိုချောင်ဆီသို့ ဝင်လာမိသော

ဒေါ်နန်းပို သည် စကားတစ်ခွန်းတစ်စကို ကြားလိုက်ရသည်။ သူသည် ရှေ့ဆက်သိလိုစိတ်ကို တားဆီးမရ သဖြင့် မီးဖိုဆောင်ထဲသို့ လှမ်းဝင်လိုက်၏ ။

“အော် . . . နန်းပို”

ဒေါ်နန်းလုံမှာ ဘာပြောရမှန်းမသိအောင် ဖြစ်သွား၏ ။

စောနှင်းပုလဲ ကတော့ မျက်နှာပိုးကို သပ်ကာ စာကို အိတ်ထဲသို့ ပြန်ထည့်နေ၏ ။

ဒေါ်နန်းပိုသည် စာအိတ်ကို ကြည့်ရင်း မေးခွန်းထုတ်လိုက်သည်။

“ဘယ်က စာလဲ”

“ဒေါ်လေးမြတို့ဆီက စာ”

စောနှင်းပုလဲသည် မျက်လွှာကိုချ၍ ဖြေ၏ ။

“ဘာရေး ထားလဲ”

“နှင်းပုလဲကို ရန်ကုန်လာဖို့ ခေါ်တဲ့စာပါ”

“ဟင် . .. မမမြတို့က သမီးကို ခေါ်တယ်”

“ဟုတ်တယ်။ နှင်းပုလဲ . . . လဲ သွားချင်တယ်၊ သွားလဲ သွားမှာ ဘဲ”

တည်ငြိမ် ပြတ်သားစွာ ထွက်ပေါ်လာသော သမီး ဖြစ်သူ၏ စကားကြောင့် ဒေါ်နန်းပိုမှာ ရင်ကို အလုံးဆို့၍ မူးဝေခွေလဲရမတတ် ဖြစ်သွားရှာ၏ ။

“မ . . . မ သွားပါနဲ့လား သမီးရယ်”

စောနှင်းပုလဲသည် ဆတ်ကနဲ ခေါင်းကလေးထောင်လာကာ မိခင်၏ မျက်နှာကို စူးစူး စိမ်းစိမ်းကလေး ကြည့်လာ၏ ။

“ဘာ ဖြစ်လို့ မသွားစေချင်တာလဲ မေမေပို၊ နှင်းပုလဲ မရှိရင် ပိုလို့တောင်

လွတ်လပ်သေး တယ် မဟုတ်လား။ နှင်းပုလဲကိုယ့်ဘဝအတွက် ကိုယ့်ဖာသာကိုယ် ဖန်တီးယူဖို့ ဆုံးဖြတ်ပြီးပြီ။ တားလဲ အပိုဘဲ . .. သွားမှာ ဘဲ”

“သမီးက မေမေ့အပေါ် သိပ်ပြတ်သားနိုင်နေပြီဘဲ”

“အော် . . . ဒါ ကတော့ မေမေပိုရယ် . . . နှင်းပုလဲတို့ မောင်နှမတစ်တွေ အပေါ်လဲ မေမေပို က ပြတ်သားနိုင်ခဲ့တာဘဲ မဟုတ်လား။ သားသမီးတွေ ထက် ပိုခင်တွယ်လို့ မေမေပို တပင်လဲမှု တပင်ထူလုပ်ပြီးပြီဘဲ။ ကျေနပ်ဖို့ ကောင်းပါပြီ။ ခု နှင်းပုလဲ သွားနေမဲ့အိမ်ကလဲ သူစိမ်းမှ မဟုတ် တာဘဲ။ ဖေဖေ့ရဲ့ ညီမအရင်းခေါက်ခေါက်ကြီးဘဲ”

“အင်း . . . ကိုဝင်း . . . ကိုဝင်း ရှင်က မာနရှိသလောက် ရှင့်သွေးသားတွေ က . . .”

ဒေါ်နန်းပိုသည် နီးရာကုလားထိုင်တွင် ထိုင်ချရင်း မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ကျုံကျုံပါအောင် ငိုချလိုက်သည်။

နှင်းပုလဲသည် ခေါင်းကလေးကို ချာကနဲလှည့်လိုက်ပြီး မိခင်ထံမှ မျက်နှာလွှဲထားလိုက်၏ ။

ဒေါ်နန်းလုံသည် သားအမိနှစ် ဦး အဆုံးအဖြတ်ပေးရမည် ကိစ္စတွင် ဝင်မစွက်လိုသဖြင့် အသာရှောင်ထွက်ခဲ့၏ ။

ဒေါ်နန်းပိုသည် အားရအောင် ငိုရှိုက်ပြီးလေဟန်ဖြင့် တဖြေးဖြေး ရှိုက်သံတိပ်၍ လာ၏ ။

“သမီး ဘယ်နေ့သွားမှာ လဲ ဟင်”

မျက်ရည်စက်လက်ဖြင့် သူက သမီးထံ ကြည့်ကာ မေးလိုက်သည်။

“ခု တနင်္ဂနွေ”

“အို . . . ဒါဆို သဘက်ခါဘဲ။ သမီး တကယ်ဘဲ သွားတော့မှာ ကိုး။ အင်းလေ. . . သမီး စိတ်ချမ်းသာမယ်ထင်လို့ လုပ်တာကို မေမေပို မတားလိုတော့ပါဘူးကွယ်။ သမီး

သူတို့အမျိုးတွေ ကြားမှာ မျက်နှာငယ်နေမှာ ကို မေမေပို စိုးရိမ်မိတယ်။ အဆင်မပြေရင်တော့ မေမေပိုတို့ဆီ ပြန်ခဲ့ပါ သမီးရယ်။ စိတ်ထင်တိုင်း ထင်ရာတွေ လျှောက်မလုပ်ဖို့ကိုတော့ ကတိပေးခဲ့ပါကွယ် . . . နော်. . . သမီး”

ဒေါ်နန်းပိုသည် သမီး၏ အနီးသို့ ချဉ်းကပ်သော ပုခုံးစွန်းကလေးနှစ် ဖက်ကို တဆက်ဆက် တုန်ယင်နေသော လက်များ ဖြင့် ကိုင်ရင်း ကတိတောင်းလိုက်ရာ၏ ။

“ဟုတ်ကဲ့”

စောနှင်းပုလဲ၏ အသံမှာ လည်း သိသိသာသာကြီး တုန်ယင်၍ လာသည်။

“သမီး . . . အောင်စာရင်းထွက်ရင် ကျောင်းဆက်တက်မယ် မဟုတ်လား”

“မသိသေးဘူး။ လေယာဉ်မယ်လုပ်ဖို့ လျှောက်လွှာတင်ထားတယ်”

“ဟင် . . . လေယာဉ်မယ်၊ ဘုရား . . . ဘုရား၊ သမီး ဘာတွေ လျှောက်လုပ်နေတာလဲ ကွယ်။ ဒါတော့ မေမေပို ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး . .. မတူနိုင်ဘူး”

“ဒီလိုသာ တွေ းကြောက်နေရင် လေယာဉ်ပျံတွေ လဲ ထွက်နိုင်မှာ မဟုတ်ဘူး။ လေကြောင်း ခရီးဆိုတာလဲ ရှိမှာ မဟုတ်တော့ဘူး မေမေပို။ ဒီအလုပ်မလုပ်လဲ တစ်နေ့မလွဲမသွေ သေရမှာ ဘဲ။ နှင်းပုလဲ ကတော့ သွားလာလှုပ်ရှားနေရတဲ့ အလုပ်မျိုးဘဲ ဝါသနာပါတယ်။ မတတ်သာလို့ ဘဝကို ရင်ဆိုင်ရတော့မယ်ဆိုတော့လဲ နဖူးတွေ .ဒူးတွေ . ရဲရဲကြီး ရင်ဆိုင်တာဘဲ ကောင်းပါတယ်”

“အင်း . . . သမီးလေးက ခေါင်းမာတဲ့ နေရာကျတော့လဲ မာတတ်လိုက်တာ။ မေမေပို ကတော့ စိတ်သော ကတွေ ရောက်နေရတော့မှာ ပါဘဲ”

“ဒါ ကတော့ မေမေပိုရယ်၊ အလကားနေရင်း အတွေ းခေါင်ပြီး ပူတတ်နေရင်တော့ ကုဖို့ဆေး ရှိမှာ မဟုတ်ဘူးလို့ နှင်းပုလဲထင်တယ်။ ဟော . . . အိမ်ရှေ့မှာ ကားရပ်သံကြားတယ်။ ဦးစောခွန် နောင် လာပြီထင်တယ်”

ပြောပြောဆိုဆို စောနင်းပုလဲသည် နောက်ဖေးပေါက်မှ ခြံထဲသို့ လှစ်ကနဲ ပြန်ဆင်းသွား သဖြင့် ဒေါ်နန်းပိုလည်း တုန့်နှေးသော ခြေလှမ်းများ ဖြင့် အိမ်ရှေ့ဆီသို့ ထွက်ခဲ့သည်။

♥ ♥ ♥

## အပိုင်း (ခ)

၁။

ရန်ကုန်ဘူတာကြီးသို့ ရွှေညောင်ရထား ထိုးဆိုက်လိုက်သည်နှင့် တပြိုင်နက် စောနှင်းပုလဲ သည် အထူးတန်းရထားပြူတင်ပေါက်မှ ကိုယ်ကလေးထွက်ကာ ဒေါ်မြမြရှိန်ကို ရှာဖွေလိုက်မိ သည်။

အသင့်စောင့်ကြို၍ စောင့်ဆိုင်းနေသော ဒေါ်မြမြရှိန်တို့ မိသားစုကို စောနှင်းပုလဲ အချိန် ပေါင်းများ စွာ မရှာဖွေရပါချေ။

"ဒေါ်လေး . . . ဒေါ်လေးမြ"

စောနှင်းပုလဲသည် အသံကုန်ဟစ်၍ အော်ခေါ်လိုက်မိ၏ ။

"ဟော . . .ဟိုမှာ အစ်ကိုကြီး"

ခေတ်ဆန်စွာ ဝတ်ဆင်ထားသော အမျိုးသမီးချောသည် အသက်လေးဆယ်ကျော် ငါးဆယ်ပတ်ဝန်းကျင်ရှိမည့် အမျိုးသားကြီးနှင့် ဆယ့်ခြောက်နှစ် ခန့်သာရှိမည့် ထွားထွားလူငယ် တစ်ယောက် ကို လက်တွဲ ကာ စောနှင်းပုလဲရှိရာသို့ ရောက်ရှိလာကြသည်။

"စောနှင်းပုလဲ . . . စောနှင်းပုလဲ၊ ကြည့်စမ်းပါဦး အစ်ကိုကြီးရယ်၊ မြရဲ့ တူမလေးက ချောလိုက်တာ"

စောနှင်းပုလဲသည် ခရီးရောက်မဆိုက် ချီးကျူး ထောပနာပြုလိုက်သော အဒေါ် ဖြစ်သူ၏ စကားကြောင့် မျက်နှာကလေးနီးမြန်းကာ မထားတတ်အောင် ဖြစ်သွားရှာ၏ ။

"သားသား တွဲ ပေါ်တက်ပြီး မင်းမမပစ္စည်းတွေ ဒီအပေါက်က ထိုးချပေး"

"ဟုတ်ကဲ့ . . .မာမီ"

လူရွယ်ကလေးသည် စောနှင်းပုလဲကို မျက်တောင်မခတ် စိုက်ကြည့်နေရာမှ ရထားပေါ်သို့ သွက်သွက်ကလေးတက်ကာ သားရေသေတ္တာများ နှင့် အခြားပစ္စည်းများ ကို ရထားပြူတင်းပေါက်မှ ချပေးနေ၏ ။

"ကုန်ပြီလား"

"ဟုတ်ကဲ့ . . . ကုန်ပြီ ဒေါ်လေး"

"လာ . . . မမ"

လူရွယ်ကလေးသည် စောနှင်းပုလဲ၏ ထွေးထွေးအိအိလက်ကောက်ဝတ်ကလေးကို ရင်းရင်း နီးနီးဆုပ်ကိုင်ကာ ရထားပေါ်မှ ဆင်းလိုက်သည်။

"ကြည့်စမ်းပါဦးကွယ် . . . ဒီလို တူသား ကလေးတွေ ရှိတာ အသိရနောက်ကျလိုက်တာ။ ကိုကိုစိတ်ကြီးလို့ . . . စိတ်ကြီးလို့။ နို့မဟုတ်ရင် ဒေါ်လေးမြတို့နဲ့ တူမလေးတို့ ဆက်မိကြတာ ကြာပြီ"

ဒေါ်မြမြရှိန်က တူမချောကလေး၏ ပခုံးကို ပွေ့ကာဖက်ကာ ပြုံး၍ နေ၏ ။

"ကဲ . . .မြ အိမ်ရောက်မှ အလွမ်းသယ်ကြ၊ သား . . . ဟိုမှာ အလုပ်သမားခေါ်ဦး"

အမျိုးသားကြီးက ဝင်ပြောလိုက်သည်။

"ဟော့ . . . ရှူး . . . ဒါတွေ သယ်မယ်"

ဇေယျာသော်က မနီးမဝေးတွင် ရှိနေသော မီးရထားအလုပ်သမားတစ်ဦးကို လှမ်းခေါ်ကာ ပစ္စည်းများ ကို ကားဆီသို့ သယ်စေလိုက်သည်။

ဒေါ်မြမြရှိန်တို့၏ ကားက မာစီဒီးအနက်ရောင် ကြီး ဖြစ်၏ ။

သူတို့စီးသော ကား၊ ဒေါ်မြမြရှိန် တစ်ယောက် ဝတ်ဆင်ထားသော စိန်ထည်များ

ကို ကြည့်ရ ခြင်းအားဖြင့် သူတို့၏ ကြွယ်ဝမှု ကို စောနှင်းပုလဲ ခန့်မှန်းကြည့်လိုက်မိနိုင်၏ ။

“အင်း . . . ဦးကြီးအိုက်ပန်ရဲ့ စကားအရဆိုရင် ဖွားဖွားတို့ ဖိုးဖိုးတို့ဆီက အမွေတွေ ဟာ မနဲ ပါဘဲလား။ ကြည့်စမ်း၊ ကားကြီးကလဲ အပုံစား၊ ဝတ်ထားတဲ့ စိန်တွေ ကလဲ ညွန်နေတာဘဲ။ သူတို့ နေတဲ့အိမ်ကြီးလဲ သိပ်ကို ခမ်းနားမှာ ဘဲ ထင်တယ်”

“လာ . . . တူမလေး”

ပစ္စည်း ပစ္စယများ ကားနောက်ခန်းတွင် းသို့ ထည့်ထားပြီးသည်နှင့် တပြိုင်နက် အားလုံး ကားပေါ်တက်လိုက်ကြသည်။

ဦးသော်က ကားကို ကိုယ်တိုင်မောင်း၏ ။

ကားနောက်ခန်းထဲတွင် ဇေယျာသော်ကနှင့် ဒေါ်မြမြရှိန်တို့က စောနှင်းပုလဲကို တစ်ဖက်စီ ညှပ်၍ ထိုင်လာကြ၏ ။

“ခုလို လာမယ်ဆိုတော့ မိနန်းပိုက ဘာပြောသေးလဲ”

တင်တင်စီးစီး မိခင်အား မိတပ်၍ မေးလိုက်သော စကားကြောင်း စောနှင်းပုလဲမှာ အတန် ကြာအောင် ဘာဖြေရမှန်းမသိ ဖြစ်သွားမိ၏ ။

“အော် . . . ဟို . .. ဘာမှ မပြောပါဘူး”

“ကြည့်စမ်း အစ်ကိုကြီး၊ တစ်ယောက် ထဲရှိတဲ့ သမီးလေးကို တစ်ခါမှ မတွေ့ ဘူး၊ မမြင်ဘူး တဲ့လူတွေ လက်ထဲ လွှတ်ရက်လိုက်တာ အံ့ရော၊ အံ့ရော။ တကယ်ပါဘဲ။ ကိုကို့မြေပုံကို ပုတ်ပြီး သူ့မိန်းမအကြောင်း ပြောပစ်လိုက်ချင်တယ်”

စောနှင်းပုလဲသည် မျက်နှာကလေး သိမ်ငယ်ကာ ငြိမ်နေရှာ၏ ။

ဦးသော်က ကားနောက်ကြည့်မှန်ထဲကတစ်ဆင့် စောနှင်းပုလဲ၏ မျက်နှာကလေးကို တွေ့ မြင်လိုက်ရသဖြင့် စိတ်မကောင်း ဖြစ်သွားမိ၏ ။

“မြကလဲကွာ ဒီအကြောင်းတွေ ပြောမနေစမ်းပါနဲ့၊ ခရီးရောက်မဆိုက် ခလေး

အနေရ အထိုင်ရခက်နေပါဦးမယ်”

“မြက မခံချင်လွန်းလို့ပါ။ အတန်းအစား သရုပ်ဆိုတာ ဒီနေရာမှာ ပေါ်တာဘဲ အစ်ကိုကြီး ရဲ့ ”

“တော် ပါတော့မာမီရာ၊ ဒါနဲ့ မမစောနှင်းပုလဲ လမ်းခရီးမှာ အဆင်ပြေခဲ့ရဲ့ မဟုတ်လား”

ဇေယျာသော် ကက စကားရှာ၍ ပြောလာ၏ ။

“အင်း . . အဆင်ပြေပါတယ် မောင်လေး”

“ကျွန်တော် က မမအဆင်မှ ပြေပ့ါမလားလို့ စိတ်ပူနေတာ၊ ဒါနဲ့ ကိုကိုကြီးနဲ့ ကိုကိုလတ် တို့ကောဟင်”

“ကိုကိုကြီးက မိုလ်သင်တန်း တက်နေတယ် မေမြို့ မှာ ။ ကိုကိုလတ် ကတော့ ရေကြောင်း အင်ဂျင်နီယာသင်တန်း ဒလမှာ တက်နေတယ် မောင်လေး”

“ဟာ . . . ဟုတ်လား၊ ဒီသင်တန်းက ကောင်းတယ်။ အောင်လို့ ဖောရိန်း နိုင်ငံခြား) သင်္ဘောလိုက်ရရင် သိပ်ထောတာ”

“အင်း . . . ကိုကိုလတ်ကလဲ ဒါကိုမျှော်လင့်နေတာလေ။ မောင်လေးကကော ခု ဘယ်နှစ် တန်းရောက်ပြီလဲ”

“ဒီနှစ် ကိုးတန်းဖြေထားတယ်”

“နှင်းပုလဲမောင်က လူကောင်ကြီး သိပ်ထွားနေတော့ အတန်းနဲ့လူ မလိုက်ဘဲ ဖြစ်နေတယ်။ ခုမှဆယ့်ခြောက်နှစ် တောင် မပြည့်တတ်သေးဘူး။ နှင်းပုလဲကော ခု ဘယ်နှစ် နှစ် လဲ”

“ဆယ့်ရှစ်နှစ် ပြည့်ပြီးပြီ ဒေါ်လေးမြ”

“အင်း . .. အရွယ်ကောင်းလေးဘဲ”

"ဆယ်တန်းအောင်ရင် ဘာလိုင်းယူမလဲ မမနှင်း"

ဇေယျာသော်က က အမည် ကိုအဖျားကလေးစွတ်၍ တရင်းတနှီးရှိလှဟန်ဖြင့် မေးလာ ပြန်၏ ။

"မမ နဂိုတုန်း ကတော့ ဆရာဝန်လိုင်းတက်ဖို့ စိတ်ကူးထားတယ်၊ ဖေဖေကလဲ မမနှင်းကို ဆရာဝန်သိပ် ဖြစ်စေချင်တယ်လေ"

"ဒါဆို ကိုကို့ဆန္ဒအတိုင်း ဆရာဝန်လိုင်းဘဲ တက်ပေါ့။ မဟုတ်ဘူးလား"

"ဟုတ်သားဘဲ၊ အန်ကယ်တို့က ဆက်ထားပေးမှာ ပေါ့"

"နှင်းပုလဲ ရီဇက်ထွက်မှဘဲ ဆုံးဖြတ်တော့မယ်လို့ စိတ်ကူးတယ် အန်ကယ်သော က"

"အေးလေ. . .ရီဇတ် (အောင်စာရင်း) ထွက်မှဘဲ ဆုံးဖြတ်ကြတာပေါ့။ ခုတော့ လေယာဉ်မယ်ရေး ဖြေစာမေးပွဲ ဝင်ဖြေထားဦးပေါ့"

"ဟုတ်ကဲ့ အန်ကယ်သော်က"

"မမနှင်းက အချောအလှဆိုတော့ အရွေးခံရမှာ သေချာပါတယ်။ မမနှင်း လေယာဉ်မယ် လုပ်ရင်တော့ သိပ်လိုက်မှာ ဘဲ"

"တွေ ့လား အစ်ကိုကြီး၊ သားသား ကတော့ သူ့အစ်မကို တွေ ့တွေ ့ချင်း မြှောက်ပင်နေပြီ"

♥ ♥ ♥

၂။

ဦးသော်က၏ နေအိမ်ကား အင်းလျားကန်ဘောင်မှ လှမ်း၍ မြင်နေရသော

ကန်လမ်းထိပ် တွင် တည်ရှိလေသည်။

ကျယ်ဝန်းသော ခြံကြီးထဲတွင် ခေတ်မီ နှစ် ထပ်တိုက်ကြီးသည် ဟီးဟီး ထီးထီးရှိနေ၏ ။ ‘မြဝတ်ရည်’ ဟု အမည် ပေးထားပေ၏ ။

ပန်းမာလာ စိုက်ခင်းများ ပတ်ပတ်လည် ဝိုင်းရံ၍ စိုက်ပျိုးထားသဖြင့် အိမ်ကြီး၏ ကျက်သရေသည် လင်းပွင့်၍ နေပေသည်။

ဆင်ဝင်အောက်တွင် ကားထိုးရပ်လိုက်သည်နှင့် အိမ်ဖော် ဖြစ်ဟန်တူသော ဆံတောက် ကလေးနှင့် ဆယ်ကျော်သက်အရွယ် ကလေးမလေးသည် သံပန်းတံခါးကို ပြေးဖွင့်၍ ပေးထားရှာ ၏ ။

“ဟဲ့ . . . ပူစူးမ၊ ရန်ကနားကိုခေါ်ပြီး ဒီပစ္စည်းတွေ ကို အပေါ်ထပ်က ရှင်းထားတဲ့အခန်းထဲ ပို့ပေးလိုက် ”

“ဟုတ်ကဲ့၊ မာမီလေး”

ကလေးမလေးသည် တစ်စုံတစ်ဦးကို ခေါ်ရန်အတွက် နောက်ဖေးဘက်သို့ အပြေးကလေး ထွက်သွား၏ ။

စောနှင်းပုလဲသည် ခန့်ညားထယ်ဝါသော အဆောင်အယောင်၊ အခင်းအကျင်းပစ္စည်း များ ကို မသိမသာ လေ့လာအကဲခတ်ရင်း အိမ်ထဲသို့ ဝင်လိုက်လာ၏ ။

အဝါရောင် တစ်စုံစာ ဆိုဖာကြီးများ တည်ခင်းထားသော နေရာသို့ ရောက်လျှင် ဒေါ်မြမြရှိန် သည် စားပွဲပေါ်သို့ သူ့လက်ပွေ့အိတ်ကြီးကိုချကာ ဝင်ထိုင်လိုက်သည်။

“ထိုင်၊ အမောဖြေဦး နှင်းပုလဲ”

စောနှင်းပုလဲသည် သူနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်၏ ။

ဇေယျာသော်ကကလည်း စောနှင်းပုလဲနှင့် ကပ်၍ ထိုင်လိုက်သည်။

ဦးသော်က ကတော့ တိုက်ပုံအင်္ကျီကိုချွတ်ရင်း အခန်းတစ်ခုအတွင်း းသို့

ဝင်ရောက် ပျောက်ကွယ်သွား၏ ။

“မမနှင်း ဆာပြီလား”

“မဆာသေးပါဘူးကွယ်၊ လမ်းမှာ အရီးလုံ ထည့်ပေးလိုက် တဲ့ ထမင်းချိုင့်ကို စားလာခဲ့ သေးတယ်”

“ဟို . . . အိုက်ပန်းဆိုတဲ့အဖိုးကြီး အဲဒီ မှာ ရှိသေးလား”

“ဟုတ်ကဲ့၊ နှင်းပုလဲတို့နဲ့အတူ နေတုန်းပါဘဲ”

“အင်း . . .သူ့ကိုတော့ ကိုကို အရင်က ဒီကို လွှတ်ဘူးလို့ မြင်ဘူးထားတယ်။ ခု ဒေါ်လေးမြ တို့လိပ်စာကို သူဘဲ ပေးတာ မဟုတ်လား”

“မဟုတ်ပါဘူး နှင်းပုလဲဖာသာ နှင်းပုလဲ တယ်လီဖုန်းဒိုင်ယာရီထဲက ရှာယူထားတာပါ”

“အား . . .မမနှင်းက ဘယ်ဆိုးလို့တုန်း၊ စုံထောက်လုပ်စားဖို့ ကောင်းတယ်”

“အန်ကယ်သော် က ရထားကို သိနေတော့ ရှာရတာ မခက်ဘူးပေါ့ မောင်လေးရယ်”

ဒေါ်မြမြရှိန်က သူ့တူမဉာဏ်သွားမှု ကို စိတ်ထဲက ကြိတ်၍ ချီးကျူး နေမိ၏ ။

“အင်း . . . ခရီးရောက်မဆိုက်ဘဲ နှင်းပုလဲကို ဒေါ်လေးမြ စကားတစ်ခု ပြောထားချင် တယ်”

“ဟုတ်ကဲ့ ဒေါ်လေး”

“အေး . . . တစ်ချိန်ကဆိုရင် ကိုကိုမစောင့်စည်း မထိန်းသိမ်းလို့ အမျိုးသိက္ခာ ကျခဲ့ရတဲ့ အ ဖြစ်မျိုး ကြုံခဲ့ရတယ်။ ဒါ နှင်းပုလဲတို့လဲ အသိဘဲ”

“ဟုတ်ကဲ့ပါ ဒေါ်လေး”

စောနှင်းပုလဲက ဦးခေါင်းကလေးငုံ့လျှိုး၍ တိုးတိတ်စွာ ဖြေလိုက်သည်။

"အေးကွယ်၊ ဒေါ်လေးတို့သိက္ခာ၊ ဒေါ်လေးတို့ ဂုဏ်ကိုတော့ နှင်းပုလဲ စောင့်ထိန်းရလိမ့် မယ်နော်။ ဒေါ်လေးတို့ထားသလိုနေ၊ စေသလိုသွားရင်တော့ နှင်းပုလဲရဲ့ ဘဝ တသက်မဆင်းရဲဘူး လို့ ဒေါ်လေး ကတိပေးတယ်"

"ဟုတ် . . . ဟုတ်ကဲ့ပါ ဒေါ်လေး"

"ကုန်ကုန်ပြောထားမယ်ကွယ်၊ ဒေါ်လေးမြ တူမကလေးက ဒေါ်လေးတို့ ထင်တာထက် တောင် ချော,လှနေတော့ ပိုးပန်းကြသူတွေ များ မှာ ဧကန်မလွဲဘဲ။ ဒီတော့ ဒေါ်လေး ရွေးချယ် ပေးတဲ့လူကိုသာ နှင်းပုလဲ လက်ခံရမယ်။ နှင်းပုလဲ ခုထဲက ဒါကိုသိထားရင် ကိုယ့်စိတ်နဲ့ကိုယ့်ကို ကြံစရ ဖန်စရာ လိုမယ်မထင်တော့ဘူး . . . ဟုတ်ပြီလား"

"ဟုတ်ကဲ့"

စောနှင်းပုလဲမှာ ကြိုတင်စည်းမျဉ်းချက်များ ချပေးလာသည်ကို မမျှော်လင့်ဘဲ ခံလိုက်ရ သဖြင့် ရုတ်ချည်းစိတ်ကျဉ်းကြပ်လာမိ၏ ။

"အေး . . . လိမ်လိမ်မာမာ နေပေါ့ကွယ်၊ လိမ္မာရင် ကိုယ့်ဖို့ ချည်းဘဲ။ ကဲ . .. ကဲ . . .လာ .. . နှင်းပုလဲရဲ့ အခန်းကို သွားကြရအောင်"

စောနှင်းပုလဲသည် ဒေါ်မြမြရှိန်၏ နောက်မှ အပေါ်ထပ်ဆီသို့ လေးဖင့်သော စိတ်များ ဖြင့် တက်ခဲ့၏ ။

"ဟိုဖက်က သားသား အခန်းဘဲ။ မောင်နှမနှစ် ယောက် တိုင်တိုင်ပင်ပင်ရှိရအောင်လို့ တမင် အပေါ်ထပ်မှာ အခန်းချင်းယှဉ်ထားပေးတာ ကဲ . . .အခန်းကို ကြိုက်ရဲ့ လား"

စောနှင်းပုလဲသည် ကျယ်ဝန်းသော အိပ်ခန်းနှင့် ပြီးပြည့်စုံသော အခင်းအကျင်း အဆောင် အယောင်များ ကို ကြည့်ကာ ဦးခေါင်းကလေးကို ဆတ်ကနဲ ညိတ်ပြလိုက်သည်။

"ဟောဒီတံခါးကို ဖွင့်၊ အဲ . . . ဟုတ်ပြီ၊ အဲဒါ ရေချိုးခန်းနဲ့ အိမ်သာ ဆက်ရက်ဘဲ။ ကဲ ရေမိုးချိုး . . . အဝတ်အစားလဲပြီးတော့ အောက်ဆင်းခဲ့။ ထမင်းစားကြမယ်"

"ဟုတ်ကဲ့ ဒေါ်လေးမြ"

"ညကျမှ ပူစူးကို ခေါ်ပြီး သေတ္တာထဲက အဝတ်အစားတွေ ကို ဘီဒိုထဲ ထည့်"

"ဟုတ်ကဲ့"

စောနှင်းပုလဲသည် ပိတ်သွားသော အခန်းတံခါးကိုကြည့်ရင်း ရှိုက်ထားသော ပင့်သက်ကို ချလိုက်သည်"

"ဟင်း . . . ဒေါ်လေးမြ ပြောပုံဆိုပုံက တစ်ခါတစ်ခါ တင်တင်စီးစီးကြီးလိုဘဲ ငါ ဒီကို ထွက်လာတာများ မှား လေပြီလား"

စောနှင်းပုလဲသည် စိတ်စက်ရှုပ်ထွေးကာ အချိန်တန်ကြာအောင် ငိုင်တွေ နေမိ၏ ။

"အို သူ့စေတနာက ဘယ်လိုရှိတယ်ဆိုတာ အချိန်တန်တော့ သိလာမှာ ပေါ့လေ"

"မမနှင်း . . . ဝင်ခဲ့မယ်နော်"

ဇေယျာသော်က၏ အသံကို ကြားလိုက်ရမှ စောနှင်းပုလဲသည် သတိဝင်လာပြီး လှုပ်ရှား လာ၏ ။

"လာလေ . . . ဇေယျာ"

ဇေယျာသော်ကသည် လက်ထဲတွင် သားရေအိတ် တပ်ဆင်ထားသော လေးထောင့် ပစ္စည်းကြီးတစ်ခုနှင့် ကော်ပူးပြားပြားကလေးများ တစ်ထပ်ကြီး ကိုင်ဆောင်၍ အိပ်ခန်းထဲသို့ ဝင်လာ၏ ။

"အဲဒါ ဘာတွေ လဲ ဟင်"

"ဒါ ကက်ဆက်တိတ် ရီကော်ဒါလို့ ခေါ်တယ်။ ဒီပစ္စည်း ဗမာပြည်ကို ရောက်တာ မကြာ သေဘူး"

"အော် . . . ဒါလား ကက်ဆက် . . .။ အေး . . . မမတော့ တိုင်း (Time) မဂ္ဂဇင်း

စာအုပ်ထဲ မှာ ဘဲ မြင်ဘူးတယ်။ အဲဒါ ဘာလုပ်ဖို့လဲ"

"မမနှင်း ပျင်းရင် နားထောင်ဖို့ လာပေးထားတာ . . . ဟောဒီမှာ ကြည့် . . . ဖွင့်ပုံဖွင့်နည်း ကလေး သင်ပေးခဲ့မယ်"

"အင်း . . . အင်း"

ဇေယျာသည် ကုတင်နှင့် နီးစပ်ရာ ပလပ်ပွိုင့်တစ်ခုတွင် ကက်ဆက်မှ ပလပ်ပင်ကို ထိုး၍ ဖွင့်ပုံဖွင့်နည်းကို လက်တွေ့သင်ကြားပေးနေ၏ ။

"ဟောဒီ ခလုပ်ကို ဖွင့်၊ အခွေထည့်ပြီးတော့ ဒီလိုပိတ်၊ ဟောဒီခလုပ်ကို နှိပ်၊ ဟော . . .တွေ့ပြီလား"

မြူး မြူး ကြွကြွ ခေတ်ပေါ် တေးတစ်ပုဒ်သည် ကက်ဆက်မှ ခုန်ပျံ၍ ထွက်ပေါ်လာ၏ ။

"မိတယ်နော်"

"အေးကွယ် . . .မမနှင်းတော့ အတော့်ကို သဘောကျသွားပြီ"

"ရော့ . . . သဘောကျရင် နားထောင်၊ နောက်မှ ဇေယျာ အခွေတွေ ထပ်ပေးဦးမယ်။ ကဲ ကဲ မမနှင်း အဝတ်အစားလဲချေ၊ ဇေယျာ အောက်ထပ်က စောင့်နေမယ်"

ပြောပြောဆိုဆို ဇေယျာသော က တစ်ယောက် အခန်းတွင်းမှ ထွက်ခွာသွား၏ ။

လေကလေးတချွန်ချွန်ဖြင့် အောက်ထပ်သို့ ဆင်းလာနေသော သား ဖြစ်သူကို ဒေါ်မြမြရှိန် သည် လှမ်းကြည့်နေရင်းက မေးခွန်းတစ်ခု ထုတ်လိုက်သည်။

"ကက်ဆက် ဘယ်ယူသွားတာလဲ"

"အော် . . .မမနှင်း ပျင်းနေမှာ စိုးလို့ သူ့အခန်းထဲမှာ သားထားပေးလိုက် တယ်"

အင်း . . .သားအတွက် တွယ်တာ ခင်မင်ချင်တဲ့ လိုဘကလေး ပြည့်သွားပြီထင်ပါရဲ့ ။

စောနှင်းပုလဲသည် အိပ်ခန်းတံခါးကို ပိတ်ပြီး သားရေသေတ္တာတစ်လုံးအတွင်း ႏမှ အိမ်နေ အဝတ်အစားတစ်စုံကို ထုတ်ယူလိုက်၏ ။

တောင်ကြီးမြို့ တွင် ဖွား၍ တောင်ကြီးတွင် သာ လူလားမြောက်လာခဲ့သော စောနှင်းပုလဲအဖို့ ရန်ကုန်မြေနှင့် ရန်ကုန် ဥတုသဘာဝသည် တစ်မျိုးတစ်ဖုံ ပြောင်းလွဲ၍ နေပေ၏ ။

အိုက်စပ်စပ် ငြီးစီစီ ဖြစ်နေမှု ကို ရှင်းလင်းစေရန်အတွက် သူသည် ရေချိုး ႏခန်းဆီသို့ တန်းဝင် ခဲ့သည်။

အေးစိမ့်သော ရေဖြင့် တွေ့ ထိတော့မှပင် ညှိုး နွမ်းနုံးခွေနေသော စိတ်တို့သည် ရေတွေ့ သော ကြာကဲ့သို့ လန်းဆန်း၍ လာကြပေ၏ ။

မှန်တင်ခုံရှေ့၌ အသင့်ချထားသော ကျောက်ပျဉ်တွင် သင်းသင်းမွှေးသနပ်ခါးကို သွေး၍ လိမ်းချယ်လိုက်သည့် အခါတွင် တော့ ပို၍ ပို၍ စိတ်လက်ကြည်လင်မှု ကို ရလာ၏ ။

လိမ္မော်ရောင် ရှေ့ခွဲ ဘလောက်အင်္ကျီလက်ပြတ်နှင့် လိမ္မော်ရောင် တွင် အဖြူ ပွင့်ကလေးများ ပါသော တူတယ် လုံချည်ကို ဝတ်ဆင်ပြီးသော အခါတွင် အိုမီဂါပုံဂုတ်ဝဲ ဆံပင်ကလေးကို ပင့်၍ ညှပ်တွယ်ထားရာမှ ဖြုတ်ချလိုက်သည်။

♥ ♥ ♥

၃။

ညှော်ခန်းထဲတွင် စာအုပ်ဖတ်ရင်း သူ့အား စောင့်ဆိုင်းနေပုံရသော ဇေယျာသော ကသည် သူဆင်းလာသည်ကို တွေ့ ရသည်နှင့် တစ်ပြိုင်နက် လက်ထဲကစာအုပ်ကိုချကာ ထိုင်ရာမှ ထလိုက် ၏ ။

သူ့စိတ်ထဲတွင် “ဒီလိုတော့လဲ ငါ့အစ်မက တစ်မျိုးလှတယ်” ဟူ၏ ။

"လာမမနင်း ထမင်းပွဲအသင့်ဘဲ"

သူကဦးဆောင်၍ တစ်ခုသော အခန်းဆီသို့ ခေါ်ဆောင်လာသည်။

လူရှစ်ယောက် စာဆန့်သော ဖော်မီကာပြားတပ် ကျွန်းထမင်းစားပွဲကြီးပေါ်တွင် ထမင်း ပန်းကန်လေးချပ်၊ ဇွန်းခရင်းလေးစုံနှင့် ဖွယ်ဖွယ်ရာရာ ဟင်းလျာများ က ဆီးကြို နေကြောင်း တွေ့ရှိ လိုက်ရသည်။

စောနင်းပုလဲသည် ထမင်းပွဲနှင့် အသင့်ရပ်နေသော မျက်နှာအသစ် ဖြစ်သော လူ တစ်ယောက် ကို ထပ်မံ၍ တွေ့ရှိလိုက်ရ၏ ။

သူကား ဒေါ်မြမြရှိန်၏ စားဖိုမှူး ဒေါ်မှိုင်းဆိုသူပင် ဖြစ်၏ ။

အသားဖြူဖြူဝဝဖိုင့်ဖိုင့်နှင့် သဘောသကာရ ကောင်းပုံရ၏ ။

"လာ . . . သမီးလေး"

သူသည် ထိုင်ခုံတစ်ခုကိုဆွဲ၍ စောနင်းပုလဲအတွက် ချပေးလိုက် သည်။

"ဒါက ဇေယျာတို့ Cook (စာဖိုးမှူး ) ဘဲ။ နာမည် က ဒေါ်မှိုင်းတဲ့။ ဒေါ်ကြီး ဒါဇေယျာမမ စောနင်းပုလဲဆိုတာ"

"အေးကွယ် တွေ့ရတာ ဝမ်းသာတယ်။ အားရပါးရစားနော်"

"ဟုတ်တယ် မမနင်း ဒေါ်ကြီးမှိုင်း ကတော့ သူ့လက်ရာကို မြိန်ရေယှက်ရေ စားပြမှ ကြိုက်တာ"

"အန်ကယ် သော်ကနဲ့ ဒေါ်လေးမြကော မစားသေးဘူးလား"

"ဟင့်အင်း မာမီက ဒယ်ဒီနဲ့မှ အတူစားတာ။ ဒယ်ဒီက ဒီအချိန်ဆိုရင် ရေချိုးမကိုက် သေးဘူး"

"ဟင်"

“ဘာလဲ ဒယ်ဒီ အရက်သောက်တာကို အံ့ဩသွားသလား”

“အော် . . .အံ့ဩတယ်လဲ မဟုတ်ပါဘူး”

ဒယ်ဒီတို့ အသိုင်းအဝိုင်းမှာ က အရက်သောက်တာတော့ ရိုးနေပါပြီ။ ကဲမမနှင်း ထည့်စား”

“စားသမီးလေး စား”

“စောနှင်းပုလဲသည် ထမင်းပန်းကန်ကို လက်နှိုက်ပြီး ဘယ်ဟင်းခွက် စခပ်ရမှန်းမသိ ဖြစ်နေသဖြင့် ဇေယျာသော်ကနှင့် ဒေါ်မှိုင်းတို့ကဘဲ ခပ်၍ ထည့်ပေးနေတော့၏ ။

♥ ♥ ♥

ညဘက်တွင် တူအရီးတွေ တစ်ခါစကားဝိုင်းဖွဲ့မိကြပြန်၏ ။ သည်အခါတွင် မှ ဒေါ်မြမြရှိန် သည် သူ့အစ်ကို ဖြစ်သူ၏ ဖြစ်ကြောင်းရယ်မှကုန်စင်ကို စောနှင်းပုလဲအား ပြန်လည်ဖောက်သည် ချစေ၏ ။

စောနှင်းပုလဲသည်လည်း သူ့ဖခင်ကွယ်လွန်ရခြင်းအကြောင်းနှင့် စီးပွားရေး အခြေအနေ အစရှိသည်တို့ကို မကွယ်မဝှက်ဘဲ ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောပြလိုက်သည်။

စောနှင်းပုလဲ၏ စကားအဆုံးတွင် ဒေါ်မြမြရှိန်သည် ကြိတ်၍ ပင့်သက်ရှိုက်လိုက်၏ ။

“အေးလေ . . .ဘယ်လိုဘဲ သေသေ သူ့သေနေ့စေ့လို့ဘဲ ဆိုရမှာ ပေါ့။ ဒေါ်လေးမြ အနေနဲ့ ကတော့ သူဘယ်လောက်ပဲ ပြတ်သားပြတ်သား သူ့ကိုစိတ်မနာပါဘူး။ ကိုကိုက ပြန်အဆက်မခံ လို့သာ ငြိမ်နေရတာ ။ ကိုကိုဟာ ဒီမိန်းနဲ့သဘောမတူရကောင်းလားဆိုပြီး ဘယ်လောက်များ စိတ်နာနေသလဲဆိုရင်

တစ်နေ့သူရန်ကုန်ကို ဆင်းလာတုံး တိုက်တိုက်ဆိုင်ဆိုင်ဘဲ ဒေါ်လေးမြတို့ရဲ့ မိသားစုရဲ့ ဆရာဝန်ဆီမှာ သွားဆုံမိကြတယ်။ ဒေါ်လေးမြလဲ မမျှော်လင့်ဘဲ ကိုကို့ကို တွေ့လိုက် ရတော့ ဖြစ်ပျက်ခဲ့တဲ့အကြောင်းတွေ ကို မေ့ပြီး သူ့ကိုခေါ်ဖို့ ကြိုး စားလိုက်တယ်။ ကိုကိုဟာလေ ဒေါ်လေးလဲ ထိုင်ရာကထရော ချာကနဲ ဆေးခန်းထဲက လှည့်ထွက် သွားပါရော။ သူမှ စကားလက်ခံ မပြောချင်တော့ ဒေါ်လေးမြလဲ လက်လျှော့လိုက်တယ်။ နောက်နေ့ကျတော့ ဒေါက်တာ ဦးထွန်းမြင့် က ကိုကိုလာတဲ့အကြောင်း၊ ကိုကို့မှာ နှလုံး ရောဂါ ဖြစ်နေတဲ့အကြောင်း ဒေါ်လေးမြဆီ ဖုန်းဆက်ပြီး ပြောတယ်”

“ဟင် . . .ဖေဖေ့မှာ နှလုံး ရောဂါ ရှိတယ်”

“အေး . . .မင်တို့ မသိဘူလား”

“ဟင့်အင် . . . တစ်အိမ်လုံး ဘယ်သူမှ မသိကြပါဘူး။ ဒါ . . . ဒါ ဖေဖေလျှို့ဝှက်ထားတာ ဘဲ ဖြစ်မယ်”

စောနှင်းပုလဲ၏ မျက်နက်ဝန်းအလေးများ ထဲတွင် မျက်ရည်တွေ အိုင်ထွန်းလာ၏ ။

သူသည် ဆက်စပ်၍ လည်း တွေးတောကြည့်လိုက်မိ၏ ။

“အင်း . . . ဖေဖေ . .. ဖေဖေ ဒီလောက်မြင်းစီး ကျင်လည်တဲ့ လူ တစ်ယောက် မြင်းပေါ်က သာမန်လိမ့်ကျပြီး သေဆုံးတယ်ဆိုတာ မ ဖြစ်နိုင်ပါဘူး။ ရောဂါ အခံရှိပြီး ငါ့အတွက် စိတ်ပူလွန်းလို့ မ ဖြစ်သင့်တာတွေ ဖြစ်သွားတာဘဲ ဖြစ်မယ်။ အို ဖေဖေရယ် နှင်းပုလဲ ဘယ်လိုဖြေရတော့မှာ လဲ ရှင်”

ဥကနဲ၊ ပေါက်ကနဲ မျက်ရည်စတို့သည် နှင်းပုလဲ၏ မျက်လုံးအိမ်နှစ် ဖက်မှ တတုတ်တုတ် ကျလာပါတော့သည်။

ဒေါ်မြမြရှိန်က စောနှင်းပုလဲကို အငေးသား ကြည့်နေ၏ ။

ဇေယျာသော် ကတော့ စောနှင်းပုလဲ၏ လက်ကောက်ဝတ်ကလေးတစ်ဖက်ကို

ပြာပြာသလဲ ဆုပ်ကိုင်ကာ အားပေးနှစ် သိမ့်လိုက်သည်။

"အတိတ်ကို အတိတ်မှာ ဘဲ ထားလိုက်ပါတော့ မမနှင်းရယ်၊ စိတ်ဆင်းရဲနေလို့လဲ အနိကယ် ဝင်းပြန်ရှင်လာနိုင်တော့မှ မဟုတ်တာဘဲ။ ကဲ . . .မာမီ ပြောစရာမရှိတော့ရင် သားသားနဲ့ မမနှင်း ကက်ဆက်သွားနားထောင်တော့မယ် လာ မမနှင်း"

သူ့ခင်မင်တွယ်တာလာရပါသော မမနှင်းအတွက် စိတ်လက်ပြုံကွဲစရာစကားများ နောက်ထပ်ထွက်ပေါ် မလာစေလိုသော ဆန္ဒမွန်ဖြင့် ဇေယျာသည် မိခင် တစ်ယောက် စကားမတုန့်ပြန်နိုင်ခင် စောနှင်းပုလဲကို လက်ကိုဆွဲ၍ အိမ်ပေါ်ထပ်ဆီသို့ တက်သွား၏ ။

♥ ♥ ♥

ဇေယျာသောက်ကသည် ချစ်ခင်ဖွယ်ရာကောင်းသော မောင်ငယ်တစ်ဦးပါပေ။

သူသည် စိတ်ဓာတ် မြူးကြွဖွယ်ရာ တေးသီချင်း၊ တီးလုံးတီးကွက်များ ကိုရှာဖွေ၍ ဖွင့်ပေးရင်း စောနှင်းပုလဲကို ဟာသနှောသော စကားများ နှင့် နှစ် သိမ့်ဖြေဖျော်၍ နေ၏ ။

သူ့သဘော မနောကလေးက ကိုကိုလတ်နှင့် လိုး ဆင်ဆင်တူသော ကြောင့် စောနှင်းပုလဲ သည် ကိုကိုလတ်ကိုလည်း ပြေး၍ သတိရလိုက်မိသည်။

"အင်း . .. တစ်နေ့တော့ ကိုကိုလတ်ဆီလဲ သွားတွေ့ ရဦးမယ်"

♥ ♥ ♥

၄။

"မမနှင်း . . မမနှင်း"

ဇေယျာသော်က၏ ဝမ်းသာအယ်လဲသံကြီးဖြင့် ခေါ်သံကြောင့် စောနှင်းပုလဲသည် အဝတ် အစားတွေ လျှော်ဖွတ်နေရာမှ အပြေးကလေး ထွက်ခဲ့မိသည်။

"ဟဲ့ . . ဟဲ့ ဘာ ဖြစ်တာလဲ ဇေယျာ"

ဇေယျာ၏ မျက်နှာသည် ဝင်းဝင်းဖြိုးဖြိုးကြီး ပြုံး နေ၏ ။ သူသည် လှေကားထစ်များ ပေါ်သို့ ပြေးတက်လာခဲ့ရ၍ မောနေဟန်လဲရှိ၏ ။ သို့ ဖြစ်၍ စောနှင်းပုလဲ၏ အမေးကို ရုတ်တရက် မဖြေနိုင် ဘဲ ရှိသည်။

"ဟေး . . . ဘာ ဖြစ်လာတာလဲဆို"

စောနှင်းပုလဲသည် မောင်ငယ်၏ ပုခုံးကို ဆုပ်ကိုင်ကာ အသာလှုပ်ရမ်းလိုက်သည်။

"ဒီနေ့ မမနှင်း ဇေယျာကို မုန့်လဲအဝကျွေးရမယ်။ ရုပ်ရှင်လဲ ပြရမယ်။ အဲဒီ ဂတိပေးမှ ပြောမယ်"

စောနှင်းပုလဲသည် အဘယ်အတွက်ကြောင့် ဇေယျာ တစ်ယောက် သူ့အား အရေး ဆိုလာ သည်ကို တန်းကနဲ တွေးမိကာ ရင်ထဲတွင် ဒိုးဒိုးဒိတ်ဒိတ်ခုန်လာတော့၏ ။

"ဟင် . . . ဇေယျာ၊ မမနှင်း အောင်တယ် မဟုတ်လားဟင် . . . မမနှင်း အောင်တယ် မဟုတ်လား"

"အင်း . . . အင်း၊ အေလစ် (က-အဆင့်) က အောင်တယ်"

"အို . . . ဝမ်းသာလိုက်တာ။ (ဒီ ကော . . . (ဒီ) ပါသလားဟင်"

စောနှင်းပုလဲသည် မောင်ငယ်၏ လက်များ ကို ဆုပ်ကိုင်ကာ ဆွေ့ဆွေ့ခုန်မတတ် မြူး ကြွ၍ သွား၏ ။

"ဒီတော့ တစ်လုံးဘဲပါတယ်"

"ဟင် . . .တစ်လုံးထဲ . . ."

စောနှင်းပုလဲမှာ ပထမရာထားချက် မအောင်မြင်တော့ပြီ ဖြစ်သဖြင့် ရုတ်တရက် စိတ်ပျက် အားလျှော့မိသွားရှာ၏ ။

“အမ်စီမချိတ်မှာ ကို ဝမ်းနည်းသွားသလား မမနှင်း ဟင်”

“အင်းပေါ့ကွယ်။ တက်ခွင့်ရရင်တော့ တက်ချင်တာပေါ့။ ထားပါတော့လေ။ ကံစီမံသမျှ ဘဲပေါ့။ လေယာဉ်မယ်ဘဲ ဝင်လုပ်တော့မယ်။ ဒါနဲ့ ဘယ်ဘာသာမှာ ချိတ်တာလဲ”

“ကယ်မယ်စထရီ (ဓာတုဗေဒ) မှာ ရတာ မမနှင်း။ ကဲပါလေ ဘာချိတ်ချိတ် မချိတ်ချိတ် စာမေးပွဲအောင်တယ် မအောင်ဘူးဆိုတာသာ အဓိကပါ။ ဘယ့်နှယ်လဲ ဇေယျာ့ကို ဆပွဲလိုင်း လုပ်မယ်မဟုတ်လား။ ဇေယျာက မမနှင်းကို သတင်းဦးဆောင်လာရတာ နော့”

“အေးပါကွယ်။ ညနေပွဲအတွက် ကြိုက်တဲ့ရုံက ဇေယျာလက်မှတ်ဝယ်လာခဲ့။ အန်ကယ် သော်ကနဲ့ ဒေါ်လေးမြ လိုက်မယ်ဆိုလဲ ခေါ်သွားတာပေါ့”

“အိုကေ”

ဇေယျာသော်ကလည်း မြူး မြူး ကြွကြွဟန်မျိုးဖြင့် အနီးတွင် ရှိနေသော ကက်ဆက်ခလုတ် ကို ဒေါက်ခနဲနှိပ်လိုက်သည်။

မြူး ကြွလှသော တေးသံများ သည် ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားတော့၏ ။

“ကဲ . . . ဇေယျာ . .. မမနှင်း အဝတ်တွေ အမြန်လျှော်လိုက်ဦးမယ်၊ သီချင်းနားထောင် ချင်ရင် ထောင်နေဦး”

“လုပ်ပါ မမနှင်း . . .လုပ်စရာရှိတာ လုပ်ပါ။ ပြီးတော့ ဇေယျာတို့ ထမင်းစားကြတာပေါ့။ မာမီနဲ့ ဒယ်ဒီ ကတော့ ဒီပုံစံအတိုင်းဆို တော် တော် နဲ့ ပြန်လာမှာ မဟုတ်ဘူး”

“အေး . . . အေး . . . မမနှင်း မြန်မြန်လျှော်လိုက်မယ်”

ပြောပြောဆိုဆို စောနှင်းပုလဲသည် ရေချိုးခန်းဆီသို့ အပြေးကလေး ပြန်ဝင်လိုက်၏ ။

"အင်း . . .အမ်စီ မတက်နိုင်တာလဲ တစ်မျိုးတော့ ကောင်းပါတယ်လေ။ တက် ဖြစ်နေရင် ဒေါ်လေးမြင့်တို့ အကူအညီ အထောက်အပံ့ကို လုံးဝအုပ်စုံ ယူနေရမှာ ။ ကိုယ့်ဘာသာကိုယ် အလုပ်လုပ်ရင်း ပညာဆက်သင်ချင်လဲ ဖြစ်တာဘဲ။ ကိုယ့်ဝင်ငွေနဲ့ကိုပဲ ကိုယ့်ဘဝရပ်တည်တာ အကောင်းဆုံးပါပဲလေ။ နို့မဟုတ်ရင် နဖားကြိုး အတပ်ခံရတာ ထက် မဆိုးဘူးလို့ ဘယ်ပြောနိုင် မှာ လဲ"

စောနင်းပုလဲသည် မြဝတ်ရည်သို့ ရောက်စ ပထမဦးဆုံးသော ညတွင် ကန့်သတ်ပေး လာသော အဒေါ် ဖြစ်သူ၏ စကားများ ကို ပြန်လည်ကြားယောင်လာမိကာ ဦးခေါင်းကလေးကို လေးတွဲ့စွာ ရမ်းခါလိုက်မိသည်။

"အို . . . ကိုယ့် ဝင်ငွေနဲ့ကိုယ် နေတာကပဲ ကောင်းပါတယ်။ ရရာအလုပ်တစ်ခုကို လုပ်ရ တော့မယ့်အခြေအနေမျိုး ဆိုက်လာတာနဲ့ ဒီလေယာဉ်မယ် အလုပ်အတွက် ခေါ်တာနဲ့ ကြုံကြိုက် တာ ငါကံကောင်းတယ်ခေါ်ရမယ်။ ဘာပဲပြောပြော ဒီအလုပ်က စိတ်ဝင်စားစရာလဲ ကောင်းတဲ့ အလုပ်မျိုးပါပဲ"

စောနင်းပုလဲသည် စိတ်ကို ဒုံးဒုံးချပိုင်းဖြတ်လိုက်ပြီး ရေစိမ်ထားသော အဝတ်အထည် များ ကို အစောတလျင် လျှော်ဖွတ်ပစ်လိုက်သည်။

တေးသီချင်းသံများ ဆက်လက်ထွက်ပေါ်လာနေသဖြင့် မိမိ၏ အိမ်ခန်းထဲတွင် ဇေယျာ တစ်ယောက် ရှိနေသည် ဖြစ်ကြောင်းကို စောနင်းပုလဲသိ၏ ။

သူသည် ရေစိုအဝတ်များ ကို ကဗျာကသီ လှမ်းပြီးသည်နှင့် တစ်ပြိုင်နက် အိမ်ခန်းထဲသို့ ပြန်လာခဲ့၏ ။

ဇေယျာသည် ကုလားထိုင်တစ်လုံးတွင် ကိုယ်ကိုခပ်လျှော့လျှော့ထိုင်ကာ ဒူးနှစ် ဖက်နံ့၍ သီချင်းကို နားထောင်နေကြောင်း တွေ့ရှိလိုက်သည်။

"လာဇေယျာ ထမင်းစားကြရအောင်"

ဇေယျာသည် အစ်မ ဖြစ်သူ၏ စကားကို အသိအမှတ်ပြုကြောင်း ဦးခေါင်းကို

ဆတ်ကနဲ ညိတ်ပြ၍ ကက်ဆက်ခလုတ်ကို ပိတ်လိုက်၏ ။

မောင်နှမနှစ် ဦးသား အောက်ထပ်သို့ ဆင်းခဲ့ကြသည်။

"ဘယ့်နှယ် အစ်ကိုလေးတို့၊ အစ်မလေးတို့ စားကြဲတော့မလား"

ထမင်းစားခန်းအတွင်း သို့ ဝင်လာသော သူတို့နှစ် ဦးကို စားဖိုမှူး ကြီး ဒေါ်မှိုင်းကဆီးကြို၍ မေးလိုက်ပါသည်။

"စားမယ် စားမယ်၊ ဒယ်ဒီနဲ့မာမီကို စောင့်နေရင်တော့ ဒီနေ့အဖို့ မနက်စာနဲ့ညစာ ပေါင်းစား ရတော့မှာ ဘဲ၊ ဒေါ်မှိုင်းသိတဲ့အတိုင်းဘဲ တနင်္ဂနွေနေ့ဆိုရင် သူတို့က ပွဲဆက်အများ သား"

"ဟုတ်ပ့ါတော် "

"ဒါနဲ့ ဘာဟင်းတွေ ချက်လဲ"

"ကြာဇံဟင်းခါး၊ ငါးဖယ်သုပ်၊ ငါးဆုပ်လုံး ဆီပြန်၊ ပြီးတော့"

"ဟွန်း"

"ဒေါ်မှိုင်း၏ စကားမှ မဆုံးမီ ဇေယျာသည် နှာခေါင်းရှုံ့လိုက်၏ ။

"ဘာ ဖြစ်လို့လဲ"

"ကျွန်တော် မှ ဒီဟင်းတွေ မကြိုက်တာ"

"အမယ်လေး ဒီလောက်ကောင်းတဲ့ ဟင်းတွေ များ မကြိုက်ဘူးတဲ့လား ဇေယျာရယ်၊ မမနှင်း ဖြင့် ဒေါ်ကြီးမှိုင်း ရွတ်ပြနေရုံနဲ့ သွားရေတမြားမြား ဖြစ်နေပြီ"

"ဟုတ်ပ့ါတော် ဒင်းမတော့ တစ်ခါလာလဲ ကြက်သားရို့စ်၊ ဘဲသားရို့စ်၊ ပူတေးကိုမက်နဲ့" "ဟင်း . . . ဒေါ်မှိုင်းကြီးကလဲ၊ ဘယ်ကလာ ပူတေးကို မက်ရလဲ ပတေးတိုးမက်(ရှ်) ပါဗျ"

"သိပါဘူးတော် ။ ဒယ်ဒီတို့မာမီတို့ ရွတ်ရွတ်ရက်ရက်၊ ဒွတ်ဒွတ်ဒက်ဒက်တို့

လိုက်ပြောရတာ လျှာတောင် ခလုပ်တိုက်သေး၊ တကတည်း ဘိုစာစား ဘိုသံပေါက်နဲ့ ဘိုသားသမီးတွေ ကျနေတာ ဘဲ”

ဇေယျာနှင့် စောနင်းပုလဲသည် နှုတ်ခမ်းတလန် ပန်းတလန်ဖြင့် ဟန်ပါပါပြောနေသော ဒေါ်မှိုင်းကြီးကိုကြည့်ကာ တစ်ခစ်ခစ် တဟားဟား ရယ်မောနေမိကြ၏ ။

“ရော့ . . . ရော့. . . ဟောဒီမှာ မောင်မင်းကြီးသားအကြိုက် ကြက်သားရိုစ့်ပါတဲ့။ ကျုပ်က ကျုပ်ကြိုက်တဲ့ ဟင်းချက်ပေမယ့် မောင်မင်းကြီးသားအကြိုက်ကိုလဲ မေ့မထားတတ်ပါဘူးတဲ့။ ခက်တယ် နင်းလေးရေ မအေက အကြိုက်တစ်မျိုး၊ သားကတစ်မျိုး၊ ဖအေက အမြီးတစ်မျိုးနဲ့ ဒေါ်မှိုင်းတော့ တစ်ခါတစ်ခါ မြဝတ်ရည်ကနေ ထွက်ပြေးချင်စိတ်တောင်ပေါက်တယ်။ ဒင်းတို့ကို သံယောဇဉ်မဖြတ်နိုင်လို့သာ”

“ဟော . . . တွေ့လား . . . တွေ့လား မမနင်း၊ ဒေါ်မှိုင်းကြီးက စကားကို အဖွင့်ကလေးနဲ့ အပိတ်ကလေးနဲ့ သိပ်ပြောတတ်တာ”

စောနင်းပုလဲသည် အစပ်အဟပ်တည့်သော ငါးဖယ်သုတ်ကို တစ်ဇွန်းခပ်၍ တမြုံ့မြုံ့ဝါးရင်း မြုံ့နေ၏ ။

♥ ♥ ♥

စောနင်းပုလဲနှင့် ဇေယျာသော်ကတို့ ထမင်းစားပြီးစချိန်တွင် မှ ဦးသော်ကနှင့် ဒေါ်မြမြရှိန်တို့ အိမ်ကို ပြန်ရောက်ရှိလာ၏ ။

“ဟော . . .သားသားတို့တောင် စားနှင့် နေမှကိုး”

“မာမီတို့ကလဲ ပြန်လာနိုင်ခဲတာကိုး”

“အော် ဒါ ကတော့ ဆန်ဆန် (သားသား) ရယ် မာမီတို့ ဒယ်ဒီတို့အနေနဲ့ လူမှု

ရေး ကိစ္စ တွေ ကို လစ်လျူရှုထားလို့မှ မ ဖြစ်တာကိုးကွဲ့။ မင်းကလဲဆိုတာ ခုထိ ပူပူတူးကလေးကျနေတုန်း ဘဲ။ အိမ်မှာ မင်းမမနှင်းရှိနေတာ ဥစ္စာဘဲ”

“ဟုတ်ပါတယ် . . .ဟုတ်ပါတယ်။ သားသားအတွက်က မမနှင်း ရှိနေရင် လုံလောက်ပြီဘဲ။ အော် ဒါနဲ့ မေ့နေလိုက်တာ။ မမနှင်းအောင်တယ် မာမီ”

“ဟေ . . . အောင်တယ်”

ဒေါ်မြမြရှိန်သည် ပြုံးရွှင်သွားသော မျက်နှာဖြင့် စောနှင်းပုလဲအား ကြည့်လိုက်သည်။

“One (စ) (ဘာဘာသာဂုဏ်ထူး) ထဲပါတယ် မာမီ”

“ငါ့တူမကြီးက အတော် ကြီးဘဲ၊ တွေ့ လား ဆန်ဆန် မင်းအလှည့်ကျရင်လဲ၊ မင်းမမနှင်းလိုပဲ အောင်၊ သူလိုပဲ ဂုဏ်ထူးတွေ ထွက်အောင် ကြိုး စားရမယ်နော်”

“ဒုံးဝါရီ (မပူပါနဲ့) သားသားလဲ နှစ် ချင်းပေါက် အောင်မှာ သေချာပါတယ်”

“အပြော ဘယ့်နှစ် ရေး ပါမယ်ဆိုတဲ့ ဆန်ဆန်လေးဘဲ။ ကဲ . . .ကဲ . .. စားကြပြီးရင် ရေခဲ သေတ္တာထဲမှာ မာမီသဘော်သီးကလေးတွေ စိမ်ထားတာရှိတယ်။ အဲဒါစားပြီး ဧည့်ခန်းထဲလာကြ”

“ဟုတ်ကဲ့”

နှစ် ဦးသား အဖြေပေးလိုက် ကြပြီး ထမင်းကို အပြီးသတ် စားလိုက်ကြ၏ ။

ဒေါ်မှိုင်းက သစ်သစ်ပန်းကန်ကို ရေထဲသေတ္တာထဲမှ ထုတ်၍ ချပေးလာသဖြင့် နှစ် ဦးစလုံး တစ်တုံးနှစ် တုံးစားလိုက်ကြ၏ ။ ပြီးသည်နှင့် တစ်ပြိုင်နက် အဝတ်အစားလဲပြီး ဧည့်ခန်းထဲတွင် အသင့်ထိုင်၍ စောင့်နေသော ဒေါ်မြမြရှိန်ထံပါးသို့ ရောက်ခဲ့ကြသည်။

“ထိုင်ကြ . . . ထိုင်ကြ . . တခြားဟာပြောမလို့ မဟုတ်ပါဘူး။ ခု ရီဇတ်လဲထွက်ပြီဆိုတော့ နှင်းပုလဲ ဘာဆုံးဖြတ်တယ်ဆိုတာ သိချင်လို့ပါ”

"ခုအတိုင်းဆိုရင် အမ်စီချိတ်ဖို့တော့ မလွယ်တော့ဘူး ဒေါ်မြလေး၊ အဲဒီ တော့ နှင်းပုလဲ အလုပ်ဘဲဝင်လုပ်တော့မယ်လို့ စိတ်ကူးပါတယ်။ ဒီပြင် ဒီဂရီတစ်ခုခု ကတော့ အလုပ်လုပ်ရင်း သက်ကြီးတက္ကသိုလ်တက်ရင် ရနိုင်ပါတယ်။

"အေးလေ . . ဒါ ကတော့ ကိုယ့်စိတ်ကိုယ်နိုင်ပြီး ဆုံးဖြတ်တာဆိုလဲ ပြီးရောပေါ့။ ဒေါ်လေး မေးရတဲ့အကြောင်းက စောနှင်းပုလဲ တက္ကသိုလ်ဆက်တက်ချင်ရက်နဲ့ မတက်ဘဲ အလုပ်လုပ်စားရ တယ် ဆိုတဲ့သဘောမျိုး မရောက်စေချင်လို့ပါ။ ဒေါ်လေးအနေနဲ့ နှင်းပုလဲ အလုပ်မလုပ်လဲ တက္ကသိုလ်ဆက်တက်ချင်တယ်ဆိုလဲ ထားပေးမှာ ပါဘဲ"

"နေပါစေ ဒေါ်လေးမြ၊ နှင်းပုလဲ အလုပ်ဘဲ လုပ်မယ်။ သဘက်ခါ စာမေးပွဲဖြေဖို့ကိုလဲ အကြောင်းပြန်ပြီးပြီ"

"ဗိုလ်တထောင်က သက်ကြီးတက္ကသိုလ်မှာ ဖြေရမှာ မဟုတ်လား။ ဇေယျာလိုက်ပို့ပေး မယ်နော် . . . "

"အေး . . . အေး . . မင်းအစ်မကို မင်းဘဲ ထိန်းသွားပေတော့။ ဟော . . . အိမ်ရှေ့မှာ ကားရပ်သံကြားတယ်။ ပူစူးမရေ . . . ပူစူးမ"

"လာပြီမာမီလေး"

ဒေါ်မြမြရှိန်သည် ထိုင်ရာမှမထဘဲ ဦးခေါင်းကိုထောင်ကဲ၍ အပြင်သို့ လှမ်းကြည့်လိုက် သည်တွင် ကားကိုမှတ်မိသွား၏ ။

"ဟော . . . ဆစ်ဒနီပါလား။ မေဘယ်လ်ကော"

ဒေါ်မြမြရှိန်သည် ပူစူးမဖွင့်ပေးသော တံခါးမှ ဝင်လာသူကို တွေ့ ရလျှင် မျက်နှာကြီး ဝင်းလဲ့ သွား၏ ။

ဆစ်ဒနီဟု သူက အမည် ခေါ်လိုက်သည်။ ဂျင်းဘောင်းဘီ၊ ဂျင်းရှပ်ကိုဝတ်ဆင်ထားသူ အမျိုးသားတစ်ဦး ဖြစ်၏ ။ သူသည် ကိုယ်လုံးကိုယ်ထည်အားဖြင့် ပုကွကွ ဂင်တိုတိုရှိလှသော် လည်း မျက်နှာ ကတော့ ဖြောင့်ဖြောင့်ချောချောထဲက ဖြစ်၏ ။

အထူးကြောင်း နှာတံပေါ်ပေါ်နှင့် မျက်လုံး မျက်ခုံးကောင်းလှသော ကြောင့် ဘိုကပြား တစ်ယောက် ဖြစ်လိမ့်မည် ဟု နှင်းပုလဲက မှတ်ချက် ချလိုက်မိပေသည်။

ဆစ်ဒနီသည် ဒေါ်မြမြရှိန်၏ မေးခွန်းကို ရုတ်တရက် မဖြေနိုင်သေးဘဲ ဧဧယျာသော်ကနှင့် အတူယှဉ်တွဲ ထိုင်နေသည့် စောနှင်းပုလဲအား ကြည့်နေ၏ ။

သူ့မျက်နှာက ချို့မြိန်၍ နေပေ၏ ။

ဒေါ်မြမြရှိန်သည် ဆစ်ဒနီ၏ မျက်လုံးများ ကို သုံးသပ်ကာ လဲ့လဲ့ကြီးပြုံး ရင်း စောနှင်းပုလဲနှင့် ဆစ်ဒနီကို မိတ်ဆက်ပေးလိုက် သည်။

“ဟောဒီမှာ ဆစ်ဒနီရေ . . . ဒါ အန်တီမြရဲ့ တူမချောကလေး စောနှင်းပုလဲဆိုတာတဲ့၊ တောင်ကြီးက ရောက်လာတာ မကြာသေးဘူး”

“Glad to meet you”

ဆစ်ဒနီက အသိအကျွမ်း ဖြစ်ရသည်ကို ဝမ်းသာကြောင်း ဘိုဆန်ဆန် လက်ဆွဲနှုတ်ဆက် ဖို့ စောနှင်းပုလဲထံ လက်ကမ်းလာ၏ ။

စောနှင်းပုလဲသည် ယောင်ယောင်ကန်းကန်းဖြင့် သူ့ညာဘက်လက်ကို ဆန့်ထုတ်ပေးလိုက် ၏ ။

“ဒါ . . ဒေါ်လေးမြအချစ်ဆုံး သူငယ်ချင်း မေဘယ်လ်ရဲ့ သား ဆစ်ဒနီဘဦးတဲ့ မှတ်ထားနော် နှင်းပုလဲ”

“ဟုတ် . . . ဟုတ်ကဲ့ရှင့်”

“အန်တီမြဗျာ. . .ဒီလောက်လှတဲ့ တူမချောကလေးရှိတာကို လျှို့ထားတယ်၊ သိပ်ကပ်စေး နဲတာဘဲ”

ဆစ်ဒနီ၏ အပြောကို ဒေါ်လေးမြအနေဖြင့် တဟင်းဟင်း အသံပြု၍ ရယ်သွမ်းသွေးနိုင် သော်လည်း စောနှင်းပုလဲမှာ တော့ ရှက်သွေးရှက်စိတ်ဝေကာ မျက်နှာကလေး မဖော်ရဲအောင်ပင် ရှိနေ၏ ။

"ကိုဆစ်ဒနီကြီးနော် . . . စကားကို ကြည့်ပြော၊ ဇေယျာအစ်မက သိပ်ရှက်တတ်တာဗျ"

"ညီလေးကလဲ သဝန်တိုနေပြန်ပြီ ထင်ပါရဲ့၊ ဟဲ . . . ဟဲ . . . ဟဲ ချောလို့ ချောတယ် ပြောတာကို လက်ခံရမှာ ပေါ့။ ဒါအမှန်တရားဘဲ၊ မယ်ကုဝဏ်ကို ပပဝတီပါလို့ ကိုဆစ်ဒနီက ပြောနေတာမှ မဟုတ်တာဘဲကွာ . . . မဟုတ်ဘူးလား အန်တီမြ"

"ဟုတ်ပါတယ်ရှင် ... ဟုတ်ပါတယ်။ အရင်က မြတ်ဝတ်ရည်ကို ဘယ်လောက်ပဲ ခေါ်ခေါ် အလာကြဲတဲ့ မောင်ဆစ်ဒနီ တစ်ယောက် တော့ ခုချောင်းပေါက်အောင် လာတော့မှာ ပဲဆိုတာ ဗေဒင် မေးနေစရာမလိုတော့ဘူး"

"ဟင်း . . . ဟင်း . . . ဟင်း . . . အန်တီမြ ဝမ်းထဲမှာ ပုဏ္ဏားကလေးရှိနေပြီ ထင်တယ်။ အော် . . . ဒါနဲ့ လာရင်းကိစ္စတောင် ပြောဖို့မေ့သွားတယ်။ မာမီက ညနေရုပ်ရှင်ကြည့် ဖြစ်သလား တဲ့"

"အင်း . . . ကြည့်မယ် . . . ကြည့်မယ် . . .ဒီနေ့ အန်တီမြတူမလေးလဲ မက်ထရစ် အောင် တယ်ဆိုတော့ အန်တီကဘဲ ပြမယ်လို့ မာမီကို ပြောလိုက်"

"ဟာ . . . ဟုတ်လား၊ ကွန်ဂရက်ကျူလေးရှင်းဘဲ စောနင်းပုလဲ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်"

"မင်းလိုက်ချင်ရင် လိုက်ပေါ့၊ အန်တီမြက ဝမ်းပမ်းတသာခေါ်ပါတယ်။ အန်တီမြတို့ မိသားစု ရယ်၊ မင်းတို့မိသားစုရယ် ကြည့်ပြီးအပြန် တစ်ခုခု ဝင်စားကြတာပေါ့ကွယ်။ ရော့ ဆစ်ဒနီ ညနေ အတွက် (Booking) ကြိုတင်လက်မှတ် တစ်ခါတည်းသာ ဝင်ဝယ်သွားပေတော့"

ပြောပြောဆိုဆို ဒေါ်မြမြရှိန်သည် ငွေအစိတ်တန် နှစ် ရွက်ကို ဆစ်ဒနီဘဦးဆိုသူအား ထုတ်ပေးလိုက် သည်။

ဆစ်ဒနီဘဦးသည် အချိန်အတန်ကြာအောင် ဒေါ်မြမြရှိန်နှင့် စကားမရှိ

စကားရှာ၍ ပြောပြီးမှ ပြန်လည်ထွက်ခွာသွား၏ ။

ဆစ်ဒနီ၏ ကား ဆင်ဝင်အောက်မှ ပြန်လည်ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် ဇေယျာ သည် မျက်နှာကို စူပုတ်ကာ မိခင်အား ကြည့်လိုက်သည်။

“ဘာ မကျေနပ် ဖြစ်နေတာလဲ ဆန်ဆန်”

“မာမီကလဲ သားအစီအစဉ်တွေ ပျက်ကုန်ပြီ”

“ဟဲ့ . . . သားက ဘာစီစဉ်ထားလို့လဲ”

“ညနေ မမနှင်းကို ရုပ်ရှင်ပြီး ဆပ်ပလိုင်း လုပ်ခိုင်းမလို့ပေါ့. . .”

“အို . . ခုလဲ ဘာထူးလဲ ဆန်ဆန်ရဲ့ ၊ မာမီက ရုပ်ရှင်ပြမယ်၊ ကျွေးလဲ ကျွေးမယ်လေ”

“ဟာဗျာ . . .ဒီဒေါ်မေဘယ်ကြီးနဲ့ မသွားချင်ပါဘူး။ ဒီကိုဆစ်ဒနီကြီးကိုလဲ သား တကယ် မျက်မုန်းကျိုးတယ်။ တကယ်ရှုပ်တဲ့ ဘဲကြီး။ ကြည့်ပါလား မမနှင်းကို စားပွဲမျက်စိထိုင်သွားလိုက် တာ ပြောလိုက်ရ မကောင်းဘူး”

“ဟဲ့ ဆန်ဆန်၊ ဒီလိုမပြောရဘူးလေ မိန်ကလေးချောချောလှလှဆိုရင် ပိုးချင် ပမ်းချင်တဲ့ လူတွေ ဒီလိုဘဲ များ တာပေါ့။ ဆန်ဆန်ရယ် . . မင်းက ရေး ကြီးခွင်ကျယ်လုပ်လို့”

“အို မကြိုက်ပါဘူး။ မမနှင်းလဲ အနေရခက်မယ်၊ ညနေကျရင် မာမီတို့ဘဲ သွားကြ။ သားနဲ့ မမနှင်း သပ်သပ်ခွဲကြည့်မယ်”

“ဟောတော့ . . . ဘယ်လိုကောင်လေးလဲ၊ သဝန်ကြောင်လိုက်တာ၊ အစ်မလင်ကောင်း ရမှာ တော့ မမြင်တတ်ဘူး”

“အို . . .”

စောနှင်းပုလဲ၏ နှုတ်မှ အာမေဋိတ်သံသည် ယောင်ယမ်း၍ ထွက်ပေါ်လာ၏ ။

“ဘာလဲ မာမီက ဒီဘဲနဲ့ မမနှင်းကို မှန်းနေသလား၊ ဒီမောင်ကြီးက ဖဲရိုက်၊

အရက်သောက်နဲ့ ဒီလိုလူမျိုးကိုရရင် လင်ကောင်းရတယ်လို့ မဆိုနိုင်ပါဘူး”

“အို . . ဆန်ဆန် နားမလည်ပါဘူး။ အရင်က ဘာပဲလုပ်ခဲ့ လုပ်ခဲ့ ကိုယ်နဲ့ရပြီးလို့ သူ ခြေငြိမ် ရင်ငြိမ်ပြီးတာဘဲ၊ ဒါ မိန်းမရဲ့ ပြုပြင်ထိန်းသိမ်းမှု အပေါ်မှာ အဆိုးအကောင်းဆိုတာ တည်တယ်ကွဲ့။ မင်းမသိရင် အသာနေစမ်းပါ။ ကဲ . . .ကဲ . .. နှင်းပုလဲ ဒီမှာ ခနနေဦး၊ ဒေါ်လေးမြ ပြန်လာခဲ့မယ်”

ပြောပြောဆိုဆို ဒေါ်မြမြရှိန်သည် သူ့အိပ်ခန်းဆီသို့ ထလျှောက်သွား၏ ။

အချိန်အနည်းငယ်အတွင်း ၌မှာ ပင် သူသည် ငွေဗူးကလေးတစ်ဗူးကို ကိုင်ဆောင်၍ ဧည့်ခန်း ထဲသို့ ပြန်လည်ရောက်ရှိလာသည်။

“ရော့ . .. နှင်းပုလဲ၊ ဒီပုလဲတစ်စုံစာကို ညနေကျရင် ဝတ်ခဲ့”

‘အို . . . နေပါစေ နှင်းပုလဲမှာ ရှိတာပဲ ဝတ်ပါရစေ”

“ဟင့်အင်း . . .ဒေါ်လေးမြ ဝတ်ဆိုတာပဲ ဝတ်ခဲ့ပါ။ ဒေါ်လေးမြက တူမလေးကို အဆိပ် ကျွေးတာမဟုတ်ဘူး။ အလှဆေးပေးနေတာ။ အဝတ်အစား ကတော့ ကြိုက်တာ ဝတ်ပါလေ။

စောနှင်းပုလဲသည် ပွဲဦးထွက် ပဏာမ အမိန့်ပေးခြင်းကို ဦးခေါင်းကလေး ငုံ့လျှိုး၍ လက်ခံ နေရ၏ ။

♥ ♥ ♥

သူထားရာနေ၊ စေရာသွားရမည် ဟု ပြဋ္ဌာန်းထားသော ဥပဒေအတိုင်းပင်၊ ဒေါ်မြမြရှိန်သည် သူ့ကို ကြိုး ကိုင်နေသဖြင့် စောနှင်းပုလဲမှာ မျက်နှာမသာမယာနှင့် ပင် ညနေပွဲ ရုပ်ရှင်ကို လိုက်ခဲ့ ရသည်။

ဇေယျာမှာ စောနှင်းပုလဲ၏ ခံစားချက်ကို သိသဖြင့် မကျေမနပ်နှင့် ပင်

လိုက်ပါလာ၏ ။

"မမနှင်းကို သနားလို့သိလား၊ နို့မဟုတ်ရင် ဇေယျာ ဒီပစ်ချာ (ရုပ်ရှင်) ကို ကြည့်ကို မကြည့် ချင်ဘူး"

စောနှင်းပုလဲမှာ သူ့အပေါ် ဇေယျာသော်ကနှင့် ဦးသော် က က စာစာနာနာဆက်ဆံနေသ ဖြင့် အကျဉ်းအကြပ်ကြားကပင် အသက်ရှုပေါက်ကလေး ရနေ၏ ။

ရုပ်ရှင်ရုံတွင် ဇေယျာသည် အကွက်ချောင်းနေသော ဆစ်ဒနီဘဦးကို လမ်းပိတ်ကာ စောနှင်းပုလဲနှင့် ဘေးချင်းယှဉ်လျက်ခုံတွင် ဝင်ထိုင်ချလိုက်သည်။

ဆစ်ဒနီသည် ဇေယျာ၏ အပြုအမူကို မခံချိမခံသာ ဖြစ်နေမိသော်လည်း အတွင် းစိတ်ကို မျိုသိပ်ကာ အဆင်ချောအောင် ဆက်ဆံခဲ့၏ ။

ဆစ်ဒနီ၏ မိဘနှစ် ပါးကလည်း ခုမှမြင်ဖူး၊ တွေ့ဖူးသော စောနှင်းပုလဲကို သမီးချင်းမွှန် အောင် ခေါ်၍ စကားမပြတ်ရှိနေကြသော ကြောင့် ဒေါ်မြမြရှိန်မှာ အပြုံး တွေ ဝေ၍ နေ၏ ။ ကာယကံ ရှင် စောနှင်းပုလဲခမျာမှာ တော့ ဒီအသိုင်းအဝိုင်းကြီးထဲက ငှက်တစ်ကောင်အလား လွတ်လပ်စွာ ပျံသန်းထွက်လိုစိတ်များ တားဆီးမရအောင် ရှိနေပေ၏ ။

နှစ် နာရီခန့်မျှသော ရုပ်ရှင်ပြချိန်သည် သူ့အတွက် အနှစ် တသိန်းတစ်သန်းများ ကြာနေရော့ သလားဟု ထင်မှတ်နေမိရှာ၏ ။

ရုပ်ရှင်ပွဲပြီးဆုံးသော အခါ နန်းယုဟော်တယ်တွင် ညစာအတွက် ဖွယ်ဖွယ်ရာရာသော ဟင်းလျာတို့ကို စားသောက်လိုက်ကြသည်။

သည်ပွဲအတွက် ကုန်ကျစရိတ် ဆစ်ဒနီဘဦးက နှင်းပုလဲကို ဂုဏ်ပြုသော အားဖြင့် သူက တည်ခင်းကျွေးမွေးကြောင်းအတင်းလက်ခံခိုင်းနေသဖြင့် နှင်းပုလဲမှာ ဒေါ်မြမြရှိန်၏ မျက်နှာအနေ အထားကို ကြည့်ပြီး ခေါင်းညိတ်လက်ခံလိုက်ရတော့သည်။

စာမေးပွဲအောင်မြင်ခြင်းအတွက် သူတို့ ချီးကျူး ထောပနာ ပြုနေသည်ကို

စောနှင်းပုလဲ အနေဖြင့် ဝမ်းမသာနိုင်ဘဲ ရှိနေ၏ ။

သူစိတ်ရှုပ်ထွေး၍ နေမိ၏ ။

သည့်စိတ်ရှုပ်ထွေးမှု သည် အိမ်ရောက်သည့်တိုင်အောင်ပင် တွယ်ညှိ၍ လာခဲ့ပေ၏ ။

"ဆောရီးပဲ မမနှင်းရယ် . . .အတော့်ကို အနေခက်နေမှာ ဘဲနော်"

နှစ် ယောက် ထဲရှိတော့သည့်အခါတွင် ဇေယျာသည် အစ်မ ဖြစ်သူ၏ မျက်နှာကို ကရုဏာ သက်စွာ ဖြင့် ကြည့်ရင်း ပြောလိုက်သည်။

စောနှင်းပုလဲက မချိပြုံး ကလေးသာ ပြုံး ပြလိုက်ရှာ၏ ။

"မာမီကခက်တယ်၊ နေရာတကာ သူ့ဆန္ဒကိုဘဲ သိတတ်တာ။ သူများ အတွက် နဲနဲမှ မစဉ်း စားဘူး။ တခြားမပြောနဲ့လေ ဇေယျာကိုတောင် အပေါင်းအသင်းထားတဲ့နေရာမှ သူ့သဘောကျနှစ်သက် တဲ့လူနဲ့ ထားခွင့်ပြုတာ။ သွားလေရာရာလဲ တကောက်ကောက်လိုက်စေ့ချင်တယ်။ ခု မမနှင်း အိမ်မှာ ရောက်နေလို့ ဇေယျာကို ထားထားသွားတာ သိလား။ ဇေယျာ ကတော့ မာမီ ဘာပြောပြော ကျောင်းရောက်တာနဲ့ တွဲ ချင်တဲ့လူနဲ့ တွဲ တာဘဲ။ မာမီသိတာမှတ်လို့"

"ဒေါ်လေးမြက အပေါင်းအသင်းမှာ းမှာ စိုးလို့ ချုပ်ချယ်တာနဲ့တူပါတယ်ကွယ်။ သူ့ကို ကြည့်ရတာ သိပ်စိုးရိမ်တတ်ပုံရတယ်"

"စိုးရိမ်တတ်တာထက် သူပြောသလို သူစေသလို မ ဖြစ်မှာ ကို သိပ်ကြောက်တတ်တာပါ မမနှင်းရာ။ ဇေယျာကိုဆိုရင် အပြင်မှာ မိန်းကလေး မိတ်ဆွေ မထားရဘူးတဲ့။ အဲ . . .သူတို့နဲ့ 'လယ်ဘယ်အဆင့်အတန်းတူတဲ့ သူတွေ ရဲ့ သမီးတွေ နဲ့ ကျရင်တော့ ဇေယျာ့ကို အတင်းရောခိုင်း တယ်။ ဇေယျာ ကတော့ ဒီမိန်းမတွေ ကို ဘယ်လိုမှ ကြည့်မရဘူး"

စောနှင်းပုလဲသည် မောင်ငယ်၏ မျက်နှာကို ကြည့်ရင်း

သက်ပြင်းမှုင်မှုင်ချလိုက်၏ ။

“ဇေယျာလေ မမနှင်းကို သိပ်သနားတာဘဲ၊ မမျှော်လင့်ဘဲ အစ်မ တစ်ယောက် ရလာလို့ ဇေယျာသိပ်ပျော်မိပေမယ့် မမနှင်းအတွက် ဇေယျာစိတ်ပူမိတယ်။ မြဝတ်ရည်မှာ မမနှင်းစိတ်ကျဉ်း ကြပ်မှု တွေ အများ ကြီးရှိမယ်။ မာမီက သိပ်မလွယ်ဘူး”

“အင်း . ..မမနှင်းလဲ ခန့်မှန်းမိပါတယ်ကွယ်”

“ဇေယျာလေ မမနှင်း အလုပ်ရပါစေလို့ ဆုတောင်းတယ်။ အလုပ်အကိုင်ရှိနေရင်တော့ ရန်ကုန်မြို့ ပေါ်မှာ ဟော်စတယ် (အဆောင်)တွေ ပြည့်နေတာဘဲ၊ မြဝတ်ရည်မှာ အဆင်မပြေရင်လဲ အကြောင်းမဟုတ်ဘူးပေါ့”

“အော် ဇေယျာရယ်၊ မင်းက မမနှင်းအတွက် ပူတတ်နေလိုက်တာ။ ကျေးဇူးတင်ပါတယ် မောင်လေးရယ် . . . မမနှင်း ကတော့ ဘဝကို ဘယ်လိုနည်းနဲ့ဘဲ ရင်ဆိုင်ရရင်ဆိုင်ရ သိပ်မမှု တော့ ပါဘူးကွယ်။ တစ်ချိန်က မိဘရဲ့ အရိပ်မှာ နေပြီး ဖူးဖူးမှု တ်ထားခြင်းကို ခံစားခဲ့ရလို့ သွေးနားထင် ရောက်ခဲ့တာတွေ ဘဝက သင်ခန်းစာပြလိုက်လို့ ခုတော့ ခံနိုင်ရည်ရှိလာနေပါပြီ။ မမအတွက် မပူ ပါနဲ့။ မောင်လေးသာ အပေါင်းအသင်းမမှာ းအောင် စိတ်ဓာတ်မပျက်ပြားအောင် ဂရုစိုက်နေပါ ကွယ်”

ဇေယျာက ဘယ်အချက်ကို သဘောကျသွားသည်မသိ နှစ် ခြိုက်စွာ ပြုံး လိုက်၏ ။

သည်တွင် မောင်နှမနှစ် ယောက် စကားပြောရင်း သီချင်းနားထောင်ရင်းဖြင့် အတော် ညဥ့်နက်မှ လမ်းခွဲကြ၏ ။

♥ ♥ ♥

စောနှင်းပုလဲအဖို့ ကတော့ အိပ်၍ မပျော်နိုင်ပါ။ မိမိဘဝ ဖြစ်စဉ်ကို

အပြန်ပြန်အလှန်လှန် တွေ းတောကြည့်ရင်း ပင့်သက်တရှိုက်ရှိုက် သက်ပြင်းတချချ ဖြစ်နေ၏ ။

သူသည် ကုတင်ပေါ်တွင် တလူးလူးတလိမ့်လိမ့် ပြုရင်းက အမှတ်မထင် မိခင်၏ မျက်နှာကို မြင်ယောင်လာသဖြင့် အိပ်ရာမှ ကောက်ကနဲထကာ စာရေး စားပွဲသို့ ထလျှောက်ခဲ့သည်။

သူသည် ချက်ချင်း ဘဲ စာနှစ် စောင် ကောက်ရေး လိုက်၏ ။

တစ်စောင်က မေမေ့ထံ။

တစ်စောင်က မေမြို့ မှ ကိုကိုကြီးထံ။

မာကြောင်း၊ သာကြောင်း၊ စာမေးပွဲအောင်ကြောင်းနှင့် လေယာဉ်မယ်လုပ်တော့မည် ဖြစ် ကြောင်း တိုတိုတုတ်တုတ်နှင့် လိုရင်းများ ကိုသာ ရေး သားချလိုက်၏ ။

စားရေး ပြီးသည်နှင့် သူ့မျက်စိထဲတွင် မေမေပိုကို တစိမ့်စိမ့်မြင်ယောင်၍ နေမိပြီ။

“အင်း . . .မေမေပို၊ နောက်အိမ်ထောင် မပြုဘဲ နေလိုက်ရင် ဘယ်လောက်ကောင်းမလဲ။ ခုတော့ . . . ခုတော့ . . .”

စောနှင်းပုလဲသည် ရှေ့ဆက်ရန် အင်အားမရှိတော့ဟန်ဖြင့် ရင်ထဲတွင် တင်းကြပ်၍ လာ၏ ။

ရစ်ဝဲ စို့တက်၍ လာသော မျက်ရည်စများ ကလည်း မျက်ဝန်းအိမ်နှစ် ဖက်တွင် ပြည့်အန်လု မတတ် ရှိနေကြတော့၏ ။

♥ ♥ ♥